Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 85 733 4303
E-mail : ndddrd07@csloxinfo.com; ndddrd07@gmail.com

# တစ်လအတွင်း မြန်မာ့သတင်း [ ၂၀၁၀ ခုနှစ်၊ ဧပြီလ ]

## ဧပြီလ (၁) ရက်

- နိုင်ငံပေါင်း (၁၅၆) နိုင်ငံတွင် ကြည့်ရှုနိုင်မည့် မြန်မာနိုင်ငံမှ မြန်မာအင်တာနေရှင်နယ် ရုပ်သံလိုင်းသစ်ကို စစ်အစိုးရက ယမန်နေ့မှစ၍ ထုတ်လွှင့်လိုက်သည်။ (NEJ 010410)
- ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ထာ့ဆောင်ရန်းမြို့နယ်ရှိ ယာယီဒုက္ခသည်စခန်းများဖြစ်သည့် နောင်ဘိုးရွာမှ (၁၀၃) ဦးနှင့် မဲ့အူးစုရွာမှ (၅၅၀) ဦးတို့ကို ထိုင်းအာဏာပိုင်များနှင့် အစိုးရမဟုတ်သောအဖွဲ့များ၏ စီစဉ်ပေးမှုဖြင့် နောက်ဆုံးအသုတ်အဖြစ် ယမန်နေ့ကပြန်ပို့လိုက်သည်။ (NEJ 010410)
- တရုတ်-မြန်မာနယ်စပ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနီး မူဆယ်မြို့နယ်၊ မိုင်းယုကျေးရွာမှ အိမ်ရာမြေ (၅၉) ခုအား ယမန်နေ့ မတ်လ (၃၁) ရက် နောက်ဆုံးထား ပြောင်းရွှေ့ရန် မူဆယ်မြို့နယ်အာဏာပိုင်များက အကြောင်းကြားထားသော်လည်း နေအိမ်အတော်များများ မပြောင်းရွှေ့သေးဘဲ ဆက်လက်ကျန်ရှိနေသေးသည်။ (NEJ 010410)
- မွန်ပြည်သူတို့အား ကိုယ်စားပြု၍ ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရေး မဝင်ရေး ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ဖွဲ့စည်းထားသော မွန် (၁၅) ဦး ကော်မတီတို့က ရွေးကောက်ပွဲကို ပါတီဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း ယမန်နေ့က ဆုံးဖြတ်လိုက်သည်။ (NEJ 010410)
- မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာတီအမ် နာတာလီဂါဝါက ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်အပေါ် တားမြစ်မှုများ မပြုလုပ်ရန် တောင်းဆိုလိုက်ကြောင်း ယနေ့ထုတ် ဂျကာတာပို့စ် သတင်းစာတွင် ဖော်ပြထားသည်။ (Irrawaddy/ Mizzima/ RFA 010410)
- ဆိုမာလီ ဓားပြများ ပြန်ပေးဆွဲ သွားသည့် သင်္ဘောပေါ်မှ မြန်မာ သင်္ဘောသား ၂၁ ဦးသည် ကျန်းကျန်းမာမာနှင့် လုံခြုံစွာရှိနေကြကြောင်း စင်္ကာပူအခြေစိုက် The Nautictank Shipping Company သင်္ဘောကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူ မစ္စတာ အက်ဒ်ဂပ်အိုင်ရွန်ကပြောသည်။ (Irrawaddy 010410)
- ရန်ကုန်မြို့တွင် ယခင်နှစ်များနှင့် မတူသော သင်္ကြန်စည်းကမ်းချက် အသစ်တချို့မှာ သင်္ကြန်မဏ္ဍပ်၏ နောက်ခံအပြင်အဆင်များကို မြန်မာ့ရိုးရာပန်းချီဒီဇိုင်းများနှင့် ပြုလုပ်ရန်၊ သင်္ကြန်မဏ္ဍပ်အမည်ကို မြန်မာဆန်ဆန် ပေးကြရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မအပ်စပ်သောဝတ်စားဆင်ယင်မှု၊ ကခုန်မှု၊ သရုပ်ပျက်မှုများအား လုံးဝခွင့်မပြုရန်၊ မဏ္ဍပ်တွင် မြန်မာ့ရိုးရာ အစားအစာ ကိုသာ ဧည့်ခံ ကျွေးမွေးရန် စသည့် စည်းကမ်းချက်များကို အာဏာပိုင်များက ထုတ်ပြန်ထားသည်။ (Irrawaddy 010410)
- ထင်ရှားသည့် ကရင်ပညာရှင် ဒေါက်တာစောဆိုင်မွန်သာ အပါအဝင် ကော်မတီဝင် ၁၅ ဦးခန့်ဖြင့် လွန်ခဲ့သည့် မတ်လ ဆန်းပိုင်းက စတင်ဖွဲ့စည်းခဲ့သည့် ကရင်ပြည်သူ့ပါတီ (Kayin People's Party - KPP) က ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်သို့ ယမန်နေ့က မှတ်ပုံတင်ရန် လျှောက်ထားကြောင်း ပါတီဝင်များကပြောသည်။ (Irrawaddy 010410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုထားသည့် ကျောင်းသူ/သားများ အောင်စာရင်းမထွက်ခင် အောင်၊ ရှုံး သိလိုပါက ကျပ်ငွေတစ်သိန်းပေးခြင်းဖြင့် သိနိုင်သည်။ (IMNA 010410)
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို ငြင်းဆိုနေသည့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP နှင့် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိ ဒုဗိုလ်ချုပ်ကြီးရဲမြင့်တို့ ယနေ့ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့၌ ထပ်မံတွေ့ဆုံ ကြောင်း ဝအရာရှိများနှင့် နီးစပ်သူတဦးကပြောသည်။ (Mizzima 010410)
- မကြာသေးခင်က ပြည်နှင်ဒဏ်ပေးခံရသူ အမေရိကန်နိုင်ငံသား ကိုညီညီအောင်၏ မိခင် ဒေါ်စန်းစန်းတင်သည် နိုင်ငံရေးပြစ်မှုဖြင့် ထောင်ဒဏ် ၅ နှစ် ကျခံနေရကာ အရေးပေါ်မျက်စိဝေဒနာ ကုသရန်လိုအပ်နေကြောင်း ညီမဖြစ်သူ ဒေါ်စုစုကြည်က ပြောသည်။ (Mizzima 010410)
- ချင်းလူမျိုးများ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့် ဒေသတွင်း အခြေအနေများကို ထင်ဟပ်စေမည့် ဓာတ်ပုံပြပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Chulalongkorn တက္ကသိုလ်၌ အင်္ဂလန်နိုင်ငံသား ဓာတ်ပုံဆရာ Benny Menser က ကိုယ်တိုင်ရိုက်ကူးသော ဓာတ်ပုံ ၉၀ ပုံကို မတ်လ ၁၀ ရက်မှ ဧပြီ ၃ ရက်နေ့အထိ ပြသမည်ဖြစ်သည်။ (Mizzima 010410)
- နယ်စပ်နှင့်ဒုက္ခသည်စခန်းများမှ မြန်မာကလေးငယ်များ၏ ပညာရေးဆိုင်ရာ ထောက်ပံ့မှုရရှိရေးအတွက် နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့တွင် အနုပညာပြပွဲတစ်ခု ယမန်နေ့က ပြုလုပ်ခဲ့သည်။ (DVB 010410)
- ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်မှ မောင်ဇော်ဇော်သည် ကလေးစစ်သားအဖြစ် စုဆောင်းခံရသဖြင့် မိဘများက ရန်ကုန်အခြေစိုက် ILO ရုံးကို တိုင်ကြားခဲ့သော်လည်း ကလေးကို တပ်ရင်းမှရှေ့တန်းသို့ပို့လိုက်ကြောင်း မိခင်ဖြစ်သူ ဒေါ်ပြုံးချိုကပြောသည်။ (DVB 010410)
- အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာအမ်နာတာလီဂါဟ်ါသည် မတ်လ ၃၁ ရက်နေ့က နေပြည်တော်ကို ရောက်ရှိလာပြီး နိုင်ခြားရေးဝန်ကြီး ဦးညာဏ်ဝင်းနှင့် နေပြည်တော်နိုင်ငံခြားရေးရုံးတွင် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း မြန်မာ့အလင်း သတင်းစာတွင်ဖော်ပြထားသည်။ (DVB 010410)
- ရှမ်းဂါရင့်နိုင်ငံရေးသမားကြီး ဦးရွှေအုံးဦးဆောင်သော ပြည်ထောင်စု ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ်နှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များပူးပေါင်းပြီး နိုင်ငံရေးပါတီတစ်ခု ထူထောင်ရန် ယနေ့ဆုံးဖြတ်လိုက်ကြသည်။ (DVB 010410)
- ရှမ်းပြည်အတိုင်ပင်ခံ ကော်မတီဖွဲ့စည်းမှုဖြင့် စစ်ကိုင်းတိုင်း ခန္တီးထောင်တွင် ထောင်ဒဏ် ၁၀၆ နှစ်ကျခံနေရသည့် SSA မြောက်ပိုင်း ငြိမ်းအဖွဲ့ နာယက ဗိုလ်ချုပ်ဆေထင်၏ မျက်စိဝေဒနာကို ထောင်အာနာပိုင်များက ကုသပေးမှုမရှိသဖြင့် စိုးရိမ်ရသည့်အခြေအနေဖြစ်နေကြောင်း မိသားစုဝင်တစ်ဦးကပြောသည်။ (DVB 010410)
- တိုင်းရင်းသားလူမျိုးများကောင်စီ ENC နှစ်ပတ်လည်အစည်း အဝေးကို ထိုင်းနယ်စပ်တနေရာ၌ လွန်ခဲ့သည့် လနောက်ဆုံး ပတ်က ၅ ရက်ကြာ ကျင်းပခဲ့ပြီး ဥက္ကဋ္ဌသစ် စောထူးထူးလေးက "၂၀၁၀ ရွေးကောက်ပွဲကြောင့် မိမိအမျိုးသားချင်း စိတ်ဝမ်းမကွဲကြဖို့" ပြောကြားလိုက်သည်။ (S.H.A.N 010410)
- သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့ မန်တပ်ရွာ အနီးရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှ မူဆယ်၊ နမ့်ခမ်းမြို့များသို့ မီးစတင်ဖြန့်ဝေရန် ဒေသခံများထံမှတစ်အိမ်ထောင် ကျပ်ငွေ ၆ သောင်းနှုန်း ယမန်နေ့က စတင်ကောက်ခံနေကြောင်း နမ့်ခမ်းဒေသခံ တစ်ဦးကပြောသည်။ (S.H.A.N 010410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဧပြီလ (၂) ရက်

- ပလတ်စတစ်စက်ရုံများ ဆက်လက်ထုတ်လုပ်ခွင့် ရရှိရေးအတွက် စွန့်ပစ်ကြွပ်ကြွပ်အိတ်များကို ပြန်လည်ဝယ်ယူနေရသော လုပ်ငန်းရှင်များက ရန်ကုန်မြို့တော်စည်ပင်သာယာမှ သိမ်းဆည်းသည့် အမှိုက်များကိုသာ ပြန်လည်ဝယ်ယူနေပြီး ပြင်ပမှ ပုဂ္ဂလိက အမှိုက်သိမ်းသူများထံမှ ပြန်လည်ဝယ်ယူခြင်းမရှိဟု ရန်ကုန်အခြေစိုက် ပလတ်စတစ်စက်ရုံလုပ်ငန်းရှင်တစ်ဦးကပြောသည်။ (NEJ 020410)
- လာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရန် ဟိုတယ်လုပ်ငန်းရှင်များအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က စည်းရုံးနေကြောင်း ရန်ကုန်မြို့မှ ဟိုတယ်လုပ်ငန်းရှင်တဦးက ပြောကြားသည်။ (NEJ 020410)
- တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်အတွင်းရှိ ဒေသခံလူထုတို့သည် ရွှေလီရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားများကို မကြာသေးမီရက်ပိုင်းကစ၍ စတင်အသုံးပြုခွင့် ရရှိခဲ့သော်လည်း မီးပုံမှန်မရရှိဘဲ မီတာဘောက်စ် လဲလှယ်မှုအတွက် ငွေသောင်းချီ ပေးရသဖြင့် ပြည်သူများမကျေမနပ်ဖြစ်နေကြသည်။ (NEJ 020410)
- မြန်မာနိုင်ငံ၌ ပြုလုပ်မည့်ရွေးကောက်ပွဲတွင် နိုင်ငံရေးအတိုက်အခံအားလုံးနှင့် တိုင်းရင်းသားလူမျိုးစုများကိုပါ ပါဝင်ခွင့်ပေးရေးအတွက် ထိုင်းနိုင်ငံအနေဖြင့် မြန်မာစစ်အစိုးရအား ဖိအားပေးပြောဆိုသွားမည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။ (NEJ 020410)
- ဗိုလ်ချုပ်မှူးကြီး၏ သားမက် တော်စပ်သူ ဗိုလ်မှူးချုပ် သိန်းနိုင်က စီစဉ်ဆောင်ရွက်နေသော မြန်မာ့တပ်မတော်၏ မောင်းသူမဲ့လေယာဉ် တည်ဆောက်ရေး စီမံကိန်းမှာ တနှစ်ကြာပြီဖြစ်သော်လည်း ထိန်းချုပ်ဆောင်ရွက်သည့် ကွန်ပျူတာအစီအစဉ် မရေးဆွဲနိုင်သေးသဖြင့် ကြန့်ကြာနေကြောင်း တပ်မတော် (လေ) အသိုင်းအဝန်းကပြောသည်။ (Irrawaddy 020410)
- NLD ပါတီသည် ဒီမိုကရေစီစံချိန်ကို ထိန်းသိမ်းရန် တခုတည်းသောရွေးချယ်စရာမှာ ပါတီကိုမှတ်ပုံမတင်ခြင်းဖြစ်သော်လည်း ၎င်းနည်းလမ်းသည် မှားယွင်းနိုင်ကြောင်း၊ မြန်မာ့နိုင်ငံရေးတွင် အခန်းကဏ္ဍတခုအနေဖြင့် ပါဝင်သင့်သည် ဟုပြီးခဲ့သည့် မတ်လ ၃၁ ရက်နေ့ ထုတ်ဝေသည့် The Economist အင်တာနက်သတင်းစာမျက်နှာတွင် ရေးသားထားသည်။ (Irrawaddy 020410)
- ရထားပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ မီးရထားဌာနမှ ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်းနှင့် မန္တလေး-မြစ်ကြီးနား လမ်းပိုင်းများအား ပုဂ္ဂလိကသို့လွှဲပြောင်း ပြေးဆွဲခွင့်ပြုရန် ဆွေးနွေးနေကြောင်းမြန်မာ့မီးရထားဌာန အကြီးတန်း အရာရှိတဦးက ပြောသည်။ (Irrawaddy 020410)
- ဗိုလ်အောင်ကျော် ဆိပ်ကမ်းနှင့် ဆိပ်ကမ်းဝန်ဆောင်မှုများကို လွန်ခဲ့သည့်တစ်ပတ်က မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ တရားဝင်လွှဲပြောင်းရယူလိုက်ပြီး ဆိပ်ကမ်းရှင်းလင်းရေး လုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်း ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ ဝန်ထမ်းတဦးကပြောသည်။ (Irrawaddy 020410)
- ရွေးကောက်ပွဲဥပဒေအချို့ဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအမှုဖြင့် ထောင်ကျနေသူများအပေါ် ကန့်သတ်ချက်ကို ပြည်လည်ပြင်ဆင်ပေးရန် ပြည်တွင်းရှိ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က တောင်းဆိုလိုက်သည်။ (RFA 020410)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းအသီးသီးက ဥပဒေအထောက်အကူပြု အဖွဲ့များနှင့် အဖွဲ့ချုပ်ရုံးအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အဖွဲ့ချုပ်ရုံးတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ (RFA 020410)
- နအဖစစ်ခေါင်းဆောင်များ ကျင်းပမည့် ရွေးကောက်ပွဲကို မြန်မာပြည်သူများ လက်ခံမည်မဟုတ်ဟု တွေ့မြင်နေရကြောင်း မြန်မာ့အရေးကျွမ်းကျင်သူ အမေရိကန်ပြည်ထောင်စု ရပ်ဂါးတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ Joesef Silverstein က ပြောဆိုလိုက်သည်။ (RFA 020410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာစစ်အစိုးရ၏ ရွေးကောက်ပွဲတွင် ပါဝင်သင့်ပါဝင်ထိုက်သူ ပုဂ္ဂိုလ်များအားလုံးကို ပါဝင်ခွင့်ပေးပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဥပဒေအား ပြင်ဆင်ပေးရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် နိုင်ငံတကာ ပါလီမန်အမတ်များသမဂ္ဂ IPU က ယခုလ ၁ ရက်နေ့က တောင်းဆိုလိုက်သည်။ (RFA 020410)
- ရခိုင်ပြည်နယ် တောင်ကုတ်၊ မြေပုံနဲ့ မာန်အောင်တို့တွင် ဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးဟုဆိုကာ နအဖ စစ်အစိုးရမှ ကျေညာချက်ထုတ်ပြီးဈေးနှိမ့်လက်ကိုင် မိုဘိုင်းလ်ဖုန်းများကို စတင်ချပေးနေသော်လည်း အကန့်အသတ်များလှသဖြင့် သုံးစွဲသူများ အခက်ကြုံနေရသည်။ (Narinjara 020410)
- ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်မှ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း)မှ ရွေးကောက်ပွဲအတွက် မဲရရှိရန် စည်းရုံးရေးလုပ်ငန်းများ ပြုလုပ်သည့်အနေဖြင့် ရပ်ကွက်လမ်းများကို ပြင်ပေးနေကြောင်း မြို့ခံတဦးကပြောသည်။ (Yoma3 020410)
- ကရင်နီပြည် လွိုင်ကော်ဒေသ အနီးတဝိုက်တွင် ထွက်ရှိသည့် သဘာဝသံယံဇာတ တစ်ခုဖြစ်သည့် ခနောက်စိမ်းသည် ယခုနှစ်တွင် တစ်တန်လျှင် ၁၀ သိန်းဝန်းကျင် ရှိသောကြောင့် ယခင်နှစ်များထက်စာလျှင် ဈေးနှစ်ဆတက်နေကြောင်း ခနောက်စိမ်းကုန်သည်တစ်ဦးက ပြောသည်။ (Kantarawaddy 020410)
- တိုးတက်သော ဗုဒ္ဓဘာသာ ကရင်တပ်မတော် DKBA တပ်မဟာ ၉၉၉ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစောချစ်သူ၏ နေအိမ် သစ်တက်ပွဲကို ၃ ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း အမည်မဖော်လိုသော DKBA ၉၉၉ မှ အရာရှိတဦးက ပြောသည်။
- ဥရောပသမဂ္ဂအဖွဲ့ EU က မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော် ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးတို့ကို နာမည်ပျက်စာရင်းအဖြစ် ထည့်သွင်းလိုက်သည်။ (Mizzima 020410)
- ရန်ကုန်မြို့တွင် လျှပ်စစ်မီးပြတ်တောက်မှု ဆိုးရွားနေပြီး လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း မီးလာချိန် တနေ့လျှင် ၂ နာရီဝန်းကျင်သာကြောင်း စမ်းချောင်းမြို့နယ်နေ သူတဦးကပြောသည်။ (Mizzima 020410)
- မှတ်ပုံမတင်ရန် ဆုံးဖြတ်ပြီးနောက် ပါတီရှေ့လုပ်ငန်းစဉ်တွင် လူထုနှင့် ထိတွေ့မည့် လူမှုရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်ပြီး ဆက်လက်ရပ်တည်သွားရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နည်းလမ်းများရှာဖွေနေသည်။ (Mizzima 020410)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မြေပေါ်နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းခံရပါက ဒီမိုကရေစီအရေးကို အကြမ်းမဖက်သည့်နည်းဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဟု အဖွဲ့ချုပ်ထိပ်ပိုင်းခေါင်းဆောင်များက ပြောသည်။ (DVB 020410)
- သျှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်အတွင်း တရားမဝင်သစ်များ ခုတ်ဖြတ်တင်ပို့ရောင်းချရာတွင် နအဖ စစ်ဗျူဟာ မှူးဒုဗိုလ်မှူးကြီး ဝင်းမြင့်ထွန်းကိုယ်တိုင် တိုက်ရိုက်ပတ်သက်ကြောင်း သစ်ကုန်သည်နှင့်နီးစပ်သူတစ်ဦးက ဆိုသည်။ (S.H.A.N 020410)

## ဧပြီလ (၃) ရက်

- ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ နိုင်ငံခြား သတင်းထောက်များကလပ် (FCCT)၌ ယမန်နေ့ ညဦးပိုင်းတွင် ကချင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့လှုပ်ရှားမှု ဓာတ်ပုံ ပြပွဲတစ်ရပ်ကို နိုင်ငံခြားသား ဓာတ်ပုံသတင်းထောက် တဦးက ပြုလုပ်သွားသည်။ (Irrawaddy 030410)
- စစ်ကိုင်းတိုင်း မော်လိုက်မြို့နယ် တပ်ကုန်းကျေးရွာအုပ်စု မှတ်စောက်ကျေးရွာမှ အသက် ၁၅ နှစ်အရွယ် မောင်အောင်စိုးမင်းကို မော်လိုက်မြို့အခြေစိုက် ခမရ (၃၆၄) က အရာရှိနှင့် စစ်သားများက ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့က စစ်တပ်ထဲအတင်းအဓမ္မ ခေါ်ဆောင်သွားခဲ့သည်ဟု ဖခင်ဖြစ်သူ ဦးသိန်းအောင်ကပြောသည်။ (RFA 030410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဗီယက်နမ်ဝန်ကြီးချုပ် Nguyen Tan Dung သည် မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးစဉ်အဖြစ် (၃) ရက်ကြာ အလည်အပတ်ရောက်နေစဉ် စစ်အစိုးရအရာရှိများနှင့် ယခုလ ၂ ရက်နေ့က တွေ့ဆုံကာ စီးပွားရေးဆိုင်ရာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ ၈ ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ (RFA 030410)
- ၂၀၁၀ ရွေးကောက်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဦးအောင်ခမ်း ထီဦးဆောင်သော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က ပါတီမှတ်ပုံတင်ရန် ယမန်နေ့က လျှောက်လွှာတင်ခဲ့သည်။ (DVB 030410)

ဧပြီလ (၄) ရက်

- ရန်ကုန်မြို့အခြေစိုက် မြန်မာအီးဂရပ်စ် (Myanmar EGrass) ၏ ကျောင်းသားဟောင်းများအနေဖြင့် နိုင်ငံရေးပါတီမှတ်ပုံတင်၍ လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်မောင်သန်းက ပြောကြားလိုက်သည်။ (DVB 040410)
- နအဖမှ ပြင်ဆင်နေသည့် ၂၀၁၀ ရွေးကောက်ပွဲတွင် တပ်ပိုင်းမှအရာရှိကြီးများ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွင် တပ်တွင်း အပြောင်းအလဲများ ပြုလုပ်နေသည်။ (DVB 040410)
- နိုင်ငံရေးလောကတွင် နှစ်ပေါင်းများစွာ ပျောက်ကွယ်ခဲ့သည့် အလံနီကွန်မြူနစ်ပါတီ ခေါင်းဆောင်ဟောင်း သခင်စိုး၏မျိုးဆက်များက နအဖ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်မှုများပြုလုပ်နေသည်။ (DVB 040410)
- နိုင်ငံရေးအကျဉ်းသား အားလုံးကို ပြန်လွှတ်ပေးရေးသည် မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသည့် နိုင်ငံရေးအကျပ်အတည်းများကို ပြေလည်စေမည့် အဓိကသော့ချက်ဖြစ်ကြောင်း ဂါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းကပြောကြားလိုက်သည်။ (DVB 040410)
- ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ နေရာ အနိုင်ရရှိခဲ့သည့် ဇိုမီးအမျိုးသားကွန်ဂရက် ZNC အနေဖြင့် စစ်အစိုးရပြုလုပ်မည့်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု ယမန်နေ့က ဆုံးဖြတ်လိုက်ကြောင်း အဖွဲ့ဥက္ကဋ္ဌ ဦးပူကျင့်ရှင်းထန်က ပြောသည်။ (RFA 040410)

ဧပြီလ (၅) ရက်

- ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းပေးနိုင်မည်မဟုတ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးအတွက်လည်း အပြောင်းအလဲ ပြုလုပ်ပေးနိုင်မည်မဟုတ်ကြောင်း ဇိုမီးအမျိုးသားကွန်ဂရက် (Zomi National Congress - ZNC) က ထောက်ပြပြောဆို လိုက်သည်။ (NEJ 050410)
- နအဖစစ်အစိုးရ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲကို တိုက်ဖျက်ရန် လူထုတိုက်ပွဲအပါအဝင် တိုက်ပွဲနည်းလမ်းပေါင်းစုံဖြင့် လှုပ်ရှားနေပြီဖြစ်သောကြောင့် လူထုတရပ်လုံး ပါဝင်ဆန့်ကျင်ကြရန် နယ်စပ်တွင် ဖွဲ့စည်းလိုက်သည့် လူထုတိုက်ပွဲကော်မတီ-၂၀၁၀ က ယနေ့ပြောကြားလိုက်သည်။ (NEJ/ DVB 050410)
- စစ်လက်နက်ပစ္စည်းများ တင်ဆောင်လာသည့် စစ်ကားအစီး (၁၀၀) ခန့်သည် ကချင်ပြည်နယ် ဗန်းမော်မြို့မှတဆင့် မြစ်ကြီးနားမြို့သို့ ဦးတည်သွားသည့်အပေါ် တရုတ်-မြန်မာနယ်စပ် စစ်ရေးအကဲခတ်သူတစ်ဦးက နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအတွက် စစ်ရေးအရ ဟန်ပြခြိမ်းခြောက်မှုမျိုးဖြစ်နိုင်ကြောင်း သုံးသပ်ပြောဆိုလိုက်သည်။ (NEJ 050410)
- နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းခြင်းကို လက်ခံလိုက်သည့် အန်ဒီအေ (ကချင်) နယ်မြေ ကျေးရွာများနှင့် အစိုးရတပ် ထိန်းချုပ်ထားသည့် ကျေးရွာတို့တွင် ဘိန်းဖြူသုံးစွဲသူ လူငယ်များ ပိုမိုများပြားလာကြောင်း ဒေသခံများက ပြောသည်။ (NEJ 050410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) မှ ဒု-ဥက္ကဋ္ဌ ဗိုလ်ချုပ် ဂေါ်ရီဇော်ဆိုင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စစ်ဖက်ရေးရာလုံခြုံရေးအရာရှိချုပ် (စရဖ) ဒု-ဗိုလ်ချုပ်ကြီး ရဲမြင့်တို့ ယမန်နေ့က မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ တွေ့ဆုံခဲ့ရာ ယခုလ (၂၈) ရက် နောက်ဆုံးထား၍ နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် ကေအိုင်အိုအဖွဲ့အား နအဖက ရက်သတ်မှတ်ပေးလိုက်သည်။ (NEJ 050410)
- NLD သည် မေလ ၇ ရက်နေ့ မတိုင်မီ ရွေးကောက်ပွဲ ကော်မရှင် ထံတွင် မှတ်ပုံတင်ခြင်း မပြုဟု ဆုံးဖြတ်ထားသဖြင့် တရားဝင်ပါတီ အဖြစ်မှ ဖျက်သိမ်းခံရပါက ပါတီပိုင်ပစ္စည်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် အတွက် စီမံခန့်ခွဲရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်သည်။ (Irrawaddy 050410)
- ဗီယက်နမ် နိုင်ငံအနေနှင့် မြန်မာ့ စီးပွားရေး ကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံလျှင် စီးပွားရေး အတွက် အထောက်အပံ့ ပိုဖြစ်မည်ဟု မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များက ပြောဆိုကြသည်။ (Irrawaddy 050410)
- ဧပြီ ၂၂ ရက်နေ့ မတိုင်မီ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းခြင်းမပြုပါက အင်အားအကြီးဆုံး တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့ဖြစ်သော ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA ကို မတရား အသင်းအဖြစ် ကြေညာမည်ဟု အစိုးရက ခြိမ်းခြောက်ပြောဆိုလိုက်သည်။ (Irrawaddy 050410)
- ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မပါဝင်ပါက မဲပေး၊ မပေးကို လူ ၅၀၀ ကျော်အား မေးမြန်းခဲ့ရာ ၂၅၀ ကျော်က မဲမပေးလိုဟု ပြောဆိုသည်။ (Irrawaddy 050410)
- အမေရိကန်နှင့် မြန်မာစစ်အစိုးရအကြား နှောင့်နှေးနေသော စေ့စပ်ညှိနှိုင်းရေး မူဝါဒကို ပြန်လည်၍ အားဖြည့်ရန် အမေရိကန်အဆင့်မြင့် သံတမန်တဦး မြန်မာနိုင်ငံသို့ မကြာမီ လာရောက်မည်ဟု မျှော်လင့်ရကြောင်း နေပြည်တော်ရှိ အစိုးရ အရာရှိများကဆိုသည်။ (Mizzima 050410)
- အဝေးပြေး ခရီးသည်ယာဉ်စီးခကို သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံလျှင် ပြစ်ဒဏ်ပေးသည့်အနေဖြင့် ဂိတ်ပိတ်သိမ်းမည်ဟု ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကော်မတီက သတိပေးလိုက်သည်။ (Mizzima 050410)
- ဧရာဝတီတိုင်း လပွတ္တာမြို့နယ်တွင် ရွေးကောက်ပွဲအတွက်ဆိုကာ ယခုလဆန်းပိုင်းမှစ၍ အိမ်ထောင်စုစာရင်းများကို ဒေသခံအာဏာပိုင်များက လိုက်လံကောက်ယူနေသည်။ (DVB 050410)
- နှစ်ပေါင်း ၂၀ အတွင်း မြန်မာနိုင်ငံမှာ ပထမဆုံး ပြုလုပ်မယ့် ရွေးကောက်ပွဲကို လွတ်လပ်မျှတအောင် အသေအချာ လုပ်ဖို့ ဗီယက်နမ် ဝန်ကြီးချုပ် Nguyan Tan Dung က မြန်မာစစ်အစိုးရကို တိုက်တွန်းပြောကြားလိုက်သည်။ (VOA 050410)
- လာမည့်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်ပြီးနောက် မန္တလေးတိုင်း အင်န်အယ်ဒီရုံးကို အာဏာပိုင်များမှ အမျိုးမျိုးဖိအားပေးလာသောကြောင့် ယခုလ ၃ ရက်နေ့က မန္တလေးတိုင်းရုံးအား ပိတ်လိုက်သည်။ (RFA 050410)
- ထိုင်း-မြန်မာနယ်စပ် ဘုရားသုံးဆူမြို့နယ်တဝိုက်မှ သစ်လုပ်ငန်းရှင်တချို့သည် ထိုင်းသစ်ကုန်သည်ကြီးက ငွေမချပေးသဖြင့် သစ်ထုတ်လုပ်မှု ရပ်ဆိုင်းနေရသည်မှာ နှစ်လနီးပါးရှိနေပြီဖြစ်ကြောင်း သစ်လုပ်ငန်းရှင်များက ပြောသည်။ (KIC 050410)
- မြန်မာနိုင်ငံ၏ တတိယဝင်ငွေ အများဆုံးဖြစ်သော ကချင်ပြည်နယ်ထွက် ကျောက်မျက်ရတနာမှ ကျောက်စိမ်းဈေးကွက်သည် ဝယ်ယူမှုကျဆင်းနေသည်။ (KNG 050410)
- ၂၀၀၉ နိုဝင်ဘာ ၁၀ ရက် နေ့ရက်စွဲဖြင့် နအဖထံတောင်းဆိုထားသည့် အချက် ၉ ချက်အားပယ်ဖျက်ပြီး နယ်ခြားစောင့် တပ်အသွင်ရေးဆိုင်ရာ အဓိကအကြောင်းအရာ ၈ ချက်ပါ တောင်းဆိုချက်အသစ်ဖြင့် မတ်၍ ၃၁ ရက်နေ့ က ဝ ခေါင်းဆောင် ပေါက်ယူချမ်းမှ ထပ်မံ စာရေးတောင်းဆိုခဲ့သည်ဟု အမည်မဖော်လိုသည့် အပစ်ရပ်အဖွဲ့ များအား လေ့လာသုံးသပ်သူ တဦးကပြောသည်။ (S.H.A.N 050410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဧပြီလ (၆) ရက်

- ဘန်ကောက်မြို့၊ ဖလန်ဆောင် အရပ်ရှိ Chamlisure Furniture ကုလားထိုင် စက်ရုံမှ အလုပ်သမား ၂၀၀ ခန့်၏ ယာယီ နိုင်ငံကူးလက်မှတ်များကို ပြန်လိုချင်လျှင် ဘတ် ၂၀၀၀ ပေးရမည်ဟု အလုပ်ရှင်က တောင်း သဖြင့် ဧပြီလ ၅ ရက်နေ့ နံနက်မှစ၍ အလုပ်မဆင်းဘဲ တောင်းဆို ဆန္ဒပြခဲ့ကြသည်။ (Irrawaddy 060410)
- ရွေးကောက်ပွဲဥပဒေ ထွက်ပေါ်လာပြီးနောက်နိုင်ငံရေးမှတ်ပုံတင်ခွင့်ပြုရန် ဧပြီလ (၅) ရက်နေ့က ကချင်ပြည်နယ် တိုးတက်ရေးပါတီနှင့် မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီတို့ကလည်းကောင်း၊ ဧပြီလ (၂) ရက်နေ့က ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်ကလည်းကောင်း၊ အလားတူ အခြားပါတီ (၈) ပါတီတို့ကလည်း အသီးသီးလျှောက်ထားပြီးဖြစ်ကြောင်း မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။ (NEJ 060410)
- ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမြို့နယ်တို့ရှိ ကြံ့ဖွံ့အသင်းဝင်များထဲမှ သီးသန့်အမာခံ အင်အားစုများကို ရွေးချယ်စုဆောင်းနေကြောင်း ကြံ့ဖွံ့အသင်းဝင်လူငယ်တစ်ဦးကပြောသည်။ (NEJ 060410)
- တရုတ်နိုင်ငံသားပါဝင်သည့် သစ်ကုန်သည်ကြီး (၃) ဦးဂိုဏ်းက နယ်မြေခံစစ်ဗျူဟာမှူးအား လာဘ်ငွေပေးပြီး ဗန်းမော် ခရိုင်အတွင်း တရားမဝင် သစ်ခိုးထုတ်ခွင့်ရနေသည်ဟု ဒေသခံသစ်လုပ်ငန်းရှင်တဦးကပြောကြားသည်။ (NEJ 060410)
- စစ်အစိုးရသည် ယခုနှစ်အတွင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ကြေညာထားသော်လည်း နိုင်ငံရေးဆိုင်ရာ အရေးအသားများကို တင်းတင်းကျပ်ကျပ် စိစစ်ဖြတ်တောက်နေဆဲဖြစ်ကြောင်း ပြည်တွင်းသတင်းဂျာနယ် အယ်ဒီတာများကပြောသည်။ (NEJ 060410)
- မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေးကို ဖော်ဆောင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) က နိုင်ငံတဝန်းလုံးရှိ ထောက်ခံသူများကို ယနေ့တွင် တောင်းပန်လိုက်သည်။ (Irrawaddy /RFA/ VOA/ BBC 060410)
- ဒေါ်အောင်ဆန်းစုကြည် နေအိမ်ပြင်ဆင်နေမှုအတွက် တားဂရမ်း ထုတ်ပေးရန် အစ်ကိုဖြစ်သူ ဦးအောင်ဆန်းဦးက ဦးတိုက်လျှောက်ထားခြင်းကို ရန်ကုန်တိုင်းတရားရုံးက ငြင်းပယ်လိုက်သည်။ (Irrawaddy 060410)
- ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ရာထူးမှ နုတ်ထွက်ပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့) က တည်ထောင်မည့်ပါတီကို ခေါင်းဆောင်ရမည်ဟု စစ်အစိုးရ အသိုင်းအဝန်းကြားတွင် ပြောဆိုနေကြကြောင်း အစိုးရနှင့်နီးစပ်သူများကပြောသည်။ (Irrawaddy 060410)
- မြန်မာတိုင်းမ်ဂျာနယ်၏ အတိုင်ပင်ခံ အယ်ဒီတာ ဦးချစ်သိန်းဦး အသက် ၇၈ နှစ်သည် ယနေ့နံနက်ပိုင်းက ဂျာနယ်တိုက်ရှိသူ၏ အိပ်ခန်းအတွင်း ကွယ်လွန်သွားသည်။ (Mizzima 070410)
- ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တွင် စပါးစိုက်ရန် ရေလှောင်ထားသည့်တာများ၌ ငါးလုပ်ငန်းဦးစီးဌာနက စည်းကမ်းမဲ့ငါးဖမ်းနေခြင်းကြောင့် လယ်မြေများထဲရေဝင်၍ စပါးများပျက်စီးကုန်ကြောင်း ဒေသခံများကပြောသည်။ (DVB 060410)
- မလေးရှားနိုင်ငံတွင် မြန်မာနိုင်ငံသား တောင်းရမ်းစားသောက်သူများ များပြားလာကြောင်း မလေးရှား The Star သတင်းစာက ယနေ့တွင် ဖော်ပြလိုက်သည်။ (RFA 060410)
- ဗီယက်နမ်နိုင်ငံတွင် ယခုလ ၈ ရက်နေ့၌ စတင်ကျင်းပမည့် အာဆီယံထိပ်သီးဆွေးနွေးပွဲအတွင်း မြန်မာစစ်အစိုးရ၏ ရွေးကောက်ပွဲကို အစီအစဉ်နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမှုများ ရှိနိုင်သော်လည်း စစ်အစိုးရကို ပြစ်တင်ဝေဖန်မှုများ ရှိလိမ့်မည်မဟုတ်ကြောင်း လေ့လာသူများက ပြောသည်။ (RFA 060410)
- ကရင်အမျိုးသမီးအစည်းအရုံး(ကေဒဗလျူအို)၏ ၂၅နှစ်မြောက် ငွေရတုသဘင်နေ့ အခမ်းအနားကို ယမန်နေ့က ထိုင်း-မြန်မာ နယ်စပ်တနေရာတွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ (KIC 060410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မတ်လ ၃၀ ရက်နေ့ လားဟူပြည်သူ့စစ်တပ်ဖွဲ့အား နယ်ခြားစောင့်တပ်ရင်းအဖြစ် စရဖ အရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်ကိုယ်တိုင် ရာထူးနှင့်တကွ တာဝန်ဝတ္တရား အပ်နှင်းပြီးနောက်ပိုင်း တောင်ပိုင်း ဝ ဌာနချုပ်အနီး၌ တပ်စခန်း အသစ်တိုးချဲ့တည်ဆောက်နေသည်ဟု စုံစမ်းသိရှိရပါသည်။ (S.H.A.N 060410)
- စစ်အစိုးရပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရေးမဝင်ရေးနှင့်ပတ်သက်၍ ရခိုင်တိုင်းလုံးဆိုင်ရာညီညွတ်ရေးပါတီ (ရတည)သည် စစ်တွေမြို့တွင် ယမန်နေ့က အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ကြောင်း နိုင်ငံရေးစိတ်ဝင်စားသည့် ဒေသခံတစ်ဦးက ပြောသည်။ (DVB 060410)
- စစ်အစိုးရက ၂၀၀၈ ဖွဲ့စည်းပုံအား လူများစုက လက်ခံသည်ဟု ထင်မြင်စေမည့် ရွေးကောက်ပွဲဆိုင်ရာ သတင်းများကိုသာ ရေးခွင့်ပြုထားကြောင်း ရန်ကုန်အခြေစိုက် အယ်ဒီတာများက ပြောသည်။ (Mizzima 060410)
- ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့အတွင်း နေထိုင်သူ အသက် ၁၈ နှစ်အထက် လူဦးရေစာရင်းများကို ရွေးကောက်ပွဲတွင် မဲထည့်ရန်အတွက် ရပ်ကွက်အာဏာပိုင်များက ကောက်ခံနေကြောင်း ဒေသခံများက ပြောသည်။ (S.H.A.N 060410)

<u>ဧပြီလ (၇) ရက်</u>

- ကုလသမဂ္ဂမှ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တောင်းဆိုထားသည့် ဆုံးဖြတ်ချက်များကို ထောက်ခံကာ နအဖထံ တင်ပြတောင်းဆိုထားသည်ကို အကြောင်းမပြန်ကြားပါက ၂၀၁၀ ရွေးကောက်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း စည်လုံးညီညွတ်သော တိုင်းရင်းသားများမဟာမိတ်အဖွဲ့ (UNA) က ယနေ့ကြေညာချက် ထုတ်ပြန်လိုက်သည်။ (NEJ 070410)
- ထိုင်းနယ်စပ်ရှိ နို့ဖိုးဒုက္ခသည်စခန်းတွင် တရားမဝင်ထီနှင့် ဘောလုံးလောင်းကစားမှု များပြားလာပြီး ဒိုင်များက ဒေသခံစခန်း လုံခြုံရေးဝန်ထမ်းများအား လစဉ်ကြေး ပုံမှန်ပေးကာ လွတ်လပ်စွာလုပ်ကိုင်ခွင့် ရနေကြသည်ဟု စခန်းတွင်းနေထိုင်သူများကပြောသည်။ (NEJ 070410)
- မြန်မာနိုင်ငံတွင် နှစ်သစ်ကူး သင်္ကြန်ရုံးပိတ်ရက်အတွင်း လုပ်ငန်းဆောင်ရွက်ရန် လိုအပ်နေသော လုပ်ငန်းရှင်များ အနေဖြင့် အလုပ်သမားတို့၏ ဆန္ဒမပါဘဲ အလုပ်ခိုင်းစေခဲ့လျှင် အရေးယူမည်ဟု အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ (NEJ 070410)
- မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုဖုန်နှင့် ပြတိုက်များတွင် ကြိုတင်ငွေပေးစနစ်ဖြင့် ဝင်ကြေးကောက်ခံတော့မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများကပြောသည်။ (NEJ 070410)
- မြန်မာနိုင်ငံတွင် နအဖမှ (၁၀) စုနှစ်တခုကျော် မြန်မာ့ရိုးရာသင်္ကြန်သံချပ်များကို ပိတ်ပင်ခဲ့သော်လည်း မြန်မာများ၏ သင်္ကြန်သံချပ် အားပေးနှစ်သက်မှုမှာ တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိဟု မဲဆောက်မြို့ရှိ မြန်မာစီဒီအရောင်းဆိုင် ပိုင်ရှင်တဦးက ပြောသည်။ (NEJ 070410)
- ကန့်ကွက်သူမရှိ ပါတီအားပြန်လည်၍ မှတ်ပုံမတင်မည့် ဆုံးဖြတ်ချက်အပေါ် ဝမ်းမြောက်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ ပြောဆိုသည်။ (Irrawaddy/ Mizzima 070410)
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့)က ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း တို့တွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ရွေးကောက်ပွဲတွင် ကြိုတင်မဲများရရေးအတွက် စည်းရုံးနေသည်ဟု အင်းစိန်မြို့နယ်၊ ဖော့ကန် ရပ်ကွက် ဒေသခံအာဏာပိုင် အဖွဲ့ဝင်တဦးက ပြောသည်။ (Irrawaddy 070410)
- ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (USDA) ကို မဲထည့်ပါက ပိတ်ထားသည့် ဗလီဂတ် ကျောင်းများကို ပြန်ဖွင့်ခွင့် ပြုမည်ဟု စစ်အစိုးရ မီးရထားဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မကြာသေးမီရက်အတွင်းက တောင်ငူမြို့သို့လာရောက်စဉ် ပြောကြားခဲ့သည်ဟု တောင်ငူမြို့ခံ မွတ်စလင် လူမျိုးတဦးက ပြောသည်။ (Irrawaddy 070410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- လူထုဒေါ်အမာ ကွယ်လွန်ခြင်း ၂ နှစ်ပြည့်အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းပွဲကို မန္တလေးမြို့မင်္ဂလာရတနာရာမ မြတောင်တိုက်ကျောင်းတိုက်ရှိ နှစ် ၁၀၀ ပြည့် သာသနာ့ ဗိမာန်တော်ကြီးတွင် ယနေ့နံနက်တွင် ပြုလုပ်ခဲ့ကြောင်း လူထုဒေါ်အမာ၏ သားငယ်ဖြစ်သူ စာရေး ဆရာ ဦးညီပုလေးက ပြောသည်။ (Mizzima/ DVB 070410)
- လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများလုပ်ရန် တောင်းဆိုမှုကို လျစ်လျူရှုလိုက်သဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဒဏ်ခတ်မှုများလုပ်ရန်နှင့် အဖွဲ့မှထုတ်ပစ်ရန် ထိပ်သီးအစည်းအဝေးမတိုင်မီ အာဆီယံ လွှတ်တော်အမတ် ၁၀၀ ကျော်က တောင်းဆိုလိုက်သည်။ (Mizzima/ DVB 070410)
- ရန်ကုန်အမေရိကန်သံအမတ်ကြီးနှင့် လက်ထောက်သံအရာရှိတစ်ဦး ယမန်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်ကိုလာရရောက်ကာ ၎င်းတို့အစိုးရ၏ မြန်မာနိုင်ငံအပေါ်ထားသည့်သဘောထားများကို ရှင်းလင်းပြောပြကာ အဖွဲ့ချုပ်၏ အခြေအနေများကို မေးမြန်းခဲ့ကြောင်း ပါတီ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ (DVB 070410)
- မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော နိုင်ငံရေးအကျပ်အတည်းကို ဝိုင်းဝန်းကူညီဖြေရှင်းပေးကြပါရန် ပြည်တွင်းကျောင်းသားအဖွဲ့များနှင့် သံဃာအဖွဲ့များက အာဆီယံခေါင်းဆောင်များကို တိုက်တွန်းတောင်းဆိုလိုက်သည်။ (DVB 070410)
- ဖွံ့ဖြိုးဆဲနိုင်ငံတွေ တော်တော်များများမှာ စွမ်းအင်လိုအပ်ချက်တွေ အတွက်နျူကလီးယားစွမ်းအင်ကို အသုံးပြုဖို့ ကြိုးပမ်းနေကြတာ မှန်ပေမဲ့ မြန်မာနိုင်ငံအတွက် နျူကလီးယားစွမ်းအင် ရှာဖွေတဲ့နည်းဟာ အဖြေမဟုတ်တဲ့အကြောင်း အမေရိကန် ပြည်ထောင်စု နျူကလီးယား နည်းပညာနဲ့ လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်တဦးက ထောက်ပြ ပြောဆိုပါတယ်။ (VOA 070410)
- မြန်မာစစ်အစိုးရက ကျင်းပပေးမယ့် ရွေးကောက်ပွဲအတွက် ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေဟာ ဒီမိုကရေစီနည်းလမ်း မကျတာမို့ ပြင်ဆင်မှုတွေ လုပ်ဖို့ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ စည်းလုံးညီညွတ်သော တိုင်းရင်းသား လူမျိုးစုများ မဟာမိတ်အဖွဲ့ (UNA) က တောင်းဆိုလိုက်ပါတယ်။ (VOA 070410)
- သံလွင်အရှေ့ခြမ်း တာချီလိတ် - မိုင်းဆတ် လမ်းမပေါ် နအဖ စစ်တပ် ကင်းစခန်းများတိုးချထားပြီး ခရီးသွားများအား တားဆီးစစ်ဆေးမှု ပြုလုပ်နေသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 070410)
- တာချီလိတ်မြို့တွင်း ရပ်ကွက်များ၌ နအဖ အာဏာပိုင်တို့ ညပိုင်းအချိန်မတော် ရှောင်တခင်ဧည့်စာရင်း စစ်ဆေးရာ ဒေသခံများအား တရားခံစစ်သကဲ့သို့ စစ်ဆေးနေကြောင်း အမည်မဖော်လိုသည့် တာချီလိတ်ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 070410)
- နေအိမ်တွင် ဖမ်းဆီးထိန်းသိမ်းခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏ ဥပဒေအကျိုးဆောင်ရှေ့နေများနှင့် ယနေ့တွေ့ဆုံကာ ဆက်လက်ဖမ်းဆီးခံထားရတဲ့အမှုနဲ့ ပတ်သက်လို့ ဆွေးနွေး တိုင်ပင်မှုများ ပြုလုပ်ခဲ့ကြသည်။ (VOA 070410)
- စစ်တပ်နှင့်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းက သိမ်းထားသည့် ဒေသခံလယ်သမားများပိုင်ဆိုင်သော လယ်မြေများကို ပြည်လည်လုပ်ခွင့်ပေးရန်အတွက် နတ်မောက်နှင့်အောင်လံဒေသခံ လယ်သမားများက မြေစာရင်းဌာနသို့ စာရေးတောင်းဆိုလိုက်သည်။ (DVB 070410)

## ဧပြီလ (၈) ရက်

- မြန်မာ့အဓိက နိုင်ငံရေးပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) က စစ်အစိုးရပေါ် တရားစွဲဆိုခဲ့ခြင်းကို တရားရုံးချုပ်က အကြောင်းပြချက်မပေးဘဲ ငြင်းဆန်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်ပေးပါရန် တရားရုံးချုပ် တရားသူကြီးထံ ယနေ့ အကြောင်းကြားစာ ပေးပို့လိုက်သည်။ (NEJ 080410)
- ဗီယက်နမ်နိုင်ငံ ဟန္နွိုင်မြို့တွင် ယနေ့ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံထိပ်သီး ဆွေးနွေးပွဲတက်ရောက်နေသည့် နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံမှ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ ကြကြောင်း AFP သတင်းဌာနကဖော်ပြထားသည်။ (NEJ 080410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရခိုင်ပြည်နယ် စစ်တွေမြို့တွင် နေပူရေရှားပါးမှုကြောင့် မြို့ခံလူထုများ အခက်ကြုံနေရကြောင်း စစ်တွေမြို့ခံများက ပြောသည်။ (NEJ 080410)
- စစ်အစိုးရခန့်အပ်လိုက်သည့် စစ်ဗိုလ်ချုပ်ဟောင်း ဦးဆောင်သည့် ရွေးကောက်ပွဲကော်မရှင်က လာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ကြီးကြပ်ရန်အတွက် အစိုးရဝန်ထမ်း (၂၅၂) ဦးကို ယခုလ ဧပြီ (၇) ရက်မှ (၉) ရက်နေ့အထိ (၃) ရက်သင်တန်း စတင်ပေးနေပြီဖြစ်သည်။ (NEJ 080410)
- စစ်အစိုးရ၏ ထိုးစစ်များကြောင့် လွန်ခဲ့သည့် ၇ နှစ်တာအတွင်း အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရသူများတွင် ကလေး ငယ်တသိန်း ကိုးသောင်းကျော် ပါဝင်ကြောင်း Free Burma Rangers (FBR) နှင့် Partners Relief & Development တို့ပူးတွဲပြုစု ထုတ်ဝေလိုက်သည့် "ခိုလှုံရာမဲ့ ကလေးသူငယ်များဘဝ" (Displaced Childhoods) အစီရင်ခံစာ တစောင်က ဖော်ပြသည်။ (Irrawaddy 080410)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ခေါင်းဆောင်များက လာမည့်မေလ (၇) ရက်နေ့ နောက်ပိုင်း ပါတီ ဆိုင်းဘုတ်များကို ဖြုတ်မည်မဟုတ်ကြောင်း မကြာသေးခင်က ဆုံးဖြတ်ချက်ချ မှတ်ခဲ့သည်ဟု ပါတီသတင်းရပ်ကွက်များမှ ဆိုသည်။ (Irrawaddy 080410)
- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရွေးကောက်ပွဲ ကော်မရှင်ထံသို့ ချင်းအမျိုးသား ပါတီနှင့် ပြည်ထောင်စု ဒီမိုကရေစီပါတီ တို့ နိုင်ငံရေးပါတီ ဖွဲ့စည်းခွင့်ပြုရန် ယနေ့လျှောက်လွှာတင်လိုက်သည်။ (Irrawaddy 080410)
- ရန်ကုန်မြို့အတွင်း ယခုလ ၆ ရက်နေ့က ၇၈ နှစ်အရွယ် အဘိုးအိုတဦး သေဆုံးမှုဖြစ်စဉ် အပါအဝင် တရက်အတွင်း မီးလောင်ကျွမ်းမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနက ပြောသည်။ (Mizzima 080410)
- စက်သုံးဆီအရောင်းဆိုင်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ယခင်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ လွှဲပြောင်းရန် စစ်အစိုးရက စီစဉ်ထားသော်လည်း ယနေ့ထိတိုင် အပြီးသတ် လွှဲပြောင်းနိုင်ခြင်း မရှိသေးကြောင်း မြန်မာ့ရေနံ ထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းက ပြောသည်။ (Mizzima 080410)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ ၂၀၁၀ ရွေးကောက်ပွဲအပေါ် သဘောထားများ သိနိုင်ရန်အတွက် သြစတြေးလျ အမျိုးသမီးသံအမတ်တစ်ဦး လာရောက်မေးမြန်းခဲ့ကြောင်း တွေ့ဆုံခဲ့သူ ပါတီ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ (DVB 080410)
- အင်းစိတ်ထောင်အတွင်း ဆန္ဒပြမှုတစ်ရပ် ပြုလုပ်မည်ဆိုသည့် သတင်းပေးချက်ကြောင့် ရွှေပြည်သာအဖွဲ့ချုပ် တွဲဘက် အတွင်းရေးမှူး ဦးမြင့်ထွန်းနှင့်အတူ ၃ ဦးကို အာဏာပိုင်များက စစ်ခွေးတိုက်ကို ပို့လိုက်ကြောင်း မိသားစုဝင်တစ်ဦးက ပြောသည်။ (DVB 080410)
- ရန်ကုန်အင်းလျားလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်နေအိမ် ပြင်ဆင်ခွင့်ပေးရန် သူမ၏ရှေ့နေ ဦးကြည်ဝင်းနှင့် ဦးညဏ်ဝင်းတို့က ရန်ကုန်တိုင်းစည်ပင်သာယာရုံးကို စာရေးတောင်းဆိုလိုက်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ရှိသူများက ပြောသည်။ (DVB 080410)
- စစ်အစိုးရကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မှတ်ပုံမတင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက် ကို ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအနိုင်ရ ကမ္ဘာ့န် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထောက်ခံကြိုဆိုလိုက် သည်။ (DVB 080410)
- နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် Gry Larsen သည် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေနှင့် လူသားချင်းစာနာမှု အကူအညီပေးရေး လေ့လာရန်အတွက် ယခုလ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိ မြန်မာနိုင်ငံကို ရောက်ရှိနေကြောင်း နော်ဝေနိုင်ငံခြားရေးဌာနက သတင်းထုတ်ပြန်လိုက်သည်။ (DVB 080410)
- ၂၀၁၀ ရွေးကောက်ပွဲတွင် မဲများများရရှိရေးအတွက် စည်းရုံးသည့်အနေဖြင့် ဒေသခံအာဏာပိုင်များက ရခိုင်ပြည်နယ် အတွင်းရှိ အစ္စလာမ်ဘာသာဝင်များကို နိုင်ငံသားစိစစ်ရေးကဒ်ပြားများ ထုတ်ပေးနေကြောင်း ဒေသခံမွတ်ဆလင် ဘာသာဝင်တစ်ဦးက ပြောသည်။ (DVB 080410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ❑ မြန်မာနိုင်ငံမှ လူ့အခွင့်အရေးချိုးဖောက်မှုများသည် တုန်လှုပ်စရာကောင်းအောင် ဆိုးဝါးနေ၍ အာဆီယံ ပဋိညာဉ်စာချုပ်ပါအချက်အလက်များကို ချိုးဖောက်နေသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများ (အာဆီယံ) ၁၆ ကြိမ်မြောက်ထိပ်သီးညီလာခံတွင် အဓိကဆွေးနွေးသင့်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI) က တောင်းဆိုလိုက်သည်။ (RFA 080410)
- ❑ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ ရွေးကောက်ပွဲမဝင်ရေးဆိုင်ရာ သဘောထားရပ်တည်ချက်များနှင့်ပတ်သက်၍ စာပေစိစစ်ရေးက ပြည်တွင်းထုတ်ဂျာနယ်များတွင် ဖော်ပြခွင့်မပြုကြောင်း ပြည်တွင်းအယ်ဒီတာတစ်ဦးက ပြောသည်။ (RFA 080410)
- ❑ စစ်ကိုင်းတိုင်း ကသာမြို့တွင် သက်ဆိုင်ရာ အာဏာပိုင်များက မြို့သစ်တည်ဆောက်ကာ မြေကွက်ရောင်းချမည့် အစီအစဉ်၌ ယခင်သတ်မှတ်ဈေးနှုန်းထက် ၂၅ ဆ ထပ်မြှင့်လိုက်သဖြင့် မြေကွက်ဝယ်မည့် အစိုးရဝန်ထမ်းဟောင်းများ အခက်ကြုံနေရသည်။ (RFA 080410)
- ❑ ၂၀၀၇ မျိုးဆက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ခေါင်းဆောင်အဖြစ် ထင်ရှားခဲ့သည့် ကျော်ကိုကိုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲမဝင်ရေး ဆုံးဖြတ်ချက်ကို ထောက်ခံကြိုဆိုလိုက်ခြင်းကြောင့် အာဏာပိုင်များက ထပ်မံတရားစွဲဆိုလိုက်သည်။ (RFA 080410)
- ❑ ဗီယက်နမ်နိုင်ငံတွင် ပြုလုပ်သည့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ အာဆီယံအနေဖြင့် ဒေသတွင်းတွင် အမျိုးသမီးနှင့် ကလေးငယ်များကို လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြေရှင်းနိုင်ရန်အတွက် လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်တစ်ရပ်ကို ယခုလ ၇ ရက်နေ့က ဖွဲ့စည်းလိုက်သည်။ (RFA 080410)
- ❑ ဗီယက်နမ်နိုင်ငံတွင် အာဆီယံထိပ်သီးညီလာခံအတွင်း မြန်မာနိုင်ငံမှာ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးရေး စိတ်ချရအောင် အာဆီယံ ခေါင်းဆောင်တွေ အနေနဲ့ ပိုင်းဝန်း တိုက်တွန်းပေးရေး အင်ဒိုနီးရှားနိုင်ငံက ဦးဆောင်ဆော်ဩပေးဖို့အတွက် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့များက တောင်းဆိုလိုက်သည်။ (VOA 080410)
- ❑ ဘင်္ဂလာ-မြန်မာနယ်စပ်တွင် မြန်မာဘက်က စစ်သားအများအပြားကို ပြန်လည် နေရာ ချထားမှုကြောင့် မြန်မာနှင့် ဘင်္ဂလာဒေ့ရှ် အာဏာပိုင်တို့ နယ်စပ်တနေရာတွင် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ (Narinjara 080410)
- ❑ ဂ နယ်ထဲသို့ အလုပ်ပြန်ဝင်သည့် UN, NGO ဝန်ထမ်းများအား ဂ ပြည်သွေးစည်းရေးပါတီ ဒု ဥက္ကဌ ရောက်မင်လျံက တွေ့ဆုံ အားပေး၊ ကျေးဇူးတင်စကား ပြောကြားခဲ့သည်ဟု ၎င်းအခြေအနေကို စောင့်ကြည့်လေ့လာသူတဦးက ပြောပါသည်။ (S.H.A.N 080410)
- ❑ သျှမ်းပြည်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဗထူးမြို့ရှိ ဗိုလ်လောင်းသင်တန်းကျောင်း အမှတ်စဉ် ၁၁၃ ဗိုလ်လောင်းသင်တန်း ဆင်းပွဲ တက်ရန်အတွက် နအဖ ဒုဥက္ကဌ ဒု - ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဗထူး ကလော နှင့်နမ့်ဇန်မြို့များသို့ ဧပြီလ ၅ ရက်နေ့က လာရောက်ခဲ့ကြောင်း နအဖပိုင်မီဒီယာများတွင် ဖေါ်ပြထားသည်။ (S.H.A.N 080410)

## ဧပြီလ (၉) ရက်

- ❑ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားက မတ်လ ၅ ရက်နေ့က မြန်မာစစ်အစိုးရကျူးလွန်သည့်လူ့အခွင့်အရေးများအပေါ် စုံစမ်းစစ်ဆေးရေးအတွက် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် အဆိုတင်သွင်းချက်ကို ချက်သမ္မတနိုင်ငံက ထောက်ခံလိုက်သည်။ (BBC 090410)
- ❑ လာမည့်အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံမည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ သည် ဧပြီလ(၅)ရက်နေ့ မော်လမြိုင်မြို့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မကြာမီနိုင်ငံရေးပါတီမှတ်ပုံတင်ပြုလုပ်တော့မည်ဟု အဖွဲ့ခေါင်းဆောင်တစ်ဦးမှပြောသည်။ (Kaowao 090410)
- ❑ ထိုင်းမြန်မာနယ်စပ်ဘုရားသုံးဆူမြို့နယ်အတွင်း မွန်ပြည်သစ်တပ်တည်နေရာဖြစ်သော ဘုရားတောင် ကျေးရွာအနီးတောင်ကုန်းပေါ်တွင် DKBA အဖွဲ့မှဘုရားတည်နေခြင်းသည် စစ်အစိုးရအတွက် စစ်ရေးအရ ပစ်ကွင်းတစ်ခုဖြစ်လာနိုင်သည်ဟု နယ်စပ်စစ်ရေးအကဲခတ်သူများမှ ဆိုသည်။ (Kaowao 090410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ပြည်တွင်းဆန်စျေးနှုန်းများ ပြီးခဲ့သည့် မတ်လဆန်းကတည်းက တရိပ်ရိပ် မြင့်တက်လာသောကြောင့် စစ်အစိုးရက ပြည်တွင်း ဆန်စပါးစီးဆင်းမှုနှင့် ဆန်လက်ကျန်စာရင်းကို အတိအကျ ကောက်ယူရန် ပြင်ဆင်နေကြောင်း ဘုရင့်နောင်ဆန်ကုန်သည်တစ်ဦးက ပြောသည်။ (NEJ 090410)
- နအဖနှင့်ပူးပေါင်းထားသည့် ကရင်အဖွဲ့များအားလုံး ယခုနှစ်လည်မတိုင်မီ နယ်ခြားစောင့်တပ်အသွင်ပြောင်းမှုကို လက်မခံပါက အခြေအနေဆိုးများနှင့် ရင်ဆိုင်ရမည်ဟု နအဖက ပြောဆိုကြောင်း ကရင်အပစ်ရပ်အဖွဲ့တခုမှ အဆင့်မြင့် ခေါင်းဆောင်တဦးက ပြောသည်။ (NEJ 090410)
- ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲနှင့်နောင်ချိုအကြား မီးရထားလမ်းပေါ်ရှိ ဂုတ်ထိပ်တံတားကြီးအား ပြုပြင်တည်ဆောက်ရန် တရုတ်ပညာရှင်များက ယခုလ (၇) ရက်တွင် ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်နေသည်။ (NEJ 090410)
- နအဖစစ်အစိုးရက မြန်မာတနိုင်ငံလုံးရှိ သံဃာတော်များ လက်ကိုင်ဖုန်းကိုင်ဆောင်ခြင်း၊ ကွန်ပျူတာနှင့် ပရင်တာ စာကူးစက်များ၊ ဆက်စပ်ပစ္စည်းများ သုံးခြင်း၊ ပြည်ပနိုင်ငံများသို့ သွားလာခြင်း၊ ကျောင်းတိုက်ပြင်ပသို့ ထွက်ခြင်း စသည်တို့ကို ကန့်သတ်တားမြစ်မှုများ လုပ်ဆောင်တော့မည်ဖြစ်ကြောင်း သံဃာ့မဟာနာယကအဖွဲ့ဝင် ဆရာတော်တပါးက မိန့်ကြားသည်။ (NEJ 090410)
- ယခုနှစ်နွေရာသီတွင် အပူချိန်မြင့်တက်မှုကြောင့် ရေတွင်းရေကန်များ ခန်းခြောက်ကာ မော်လမြိုင်မြို့နှင့် ဒလမြို့တို့တွင် ရေအခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ဒေသခံများက ပြောသည်။ (NEJ 090410)
- ပြည်ပရောက် မြန်မာနိုင်ငံ သားများနှင့် ပတ်သက်သည့် သတင်းအချက် အလက်များ ရယူရန် (Cyber Crime) ဆိုက်ဘာမှုခင်းများဌာန ဖွဲ့စည်းကာ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံများနှင့် ဆက်သွယ်၍ သတင်းဖလှယ်မှု အစီအစဉ် တိုးမြှင့် ဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ပြောသည်။ (Irrawaddy 090410)
- ယခုနှစ် ရန်ကုန် သင်္ကြန်တွင် မဏ္ဍပ် ဆောက်လုပ်ခွင့်ကို ကန့်သတ် ထားသော်လည်း နှစ်သက်ရာ နေရာတွင် မဏ္ဍပ် ဆောက်နိုင်သည့် အခွင့်ထူးရသူများထဲတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏မြေး ဖိုးလပြည့်လည်းပါဝင်သည်။ (Irrawaddy 090410)
- မွန်ပြည်သစ်ပါတီ (NMSP) ကို ယခုလ ၂၈ ရက်နေ့ နောက်ဆုံး ထားပြီး နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် စစ်အစိုးရ အာဏာပိုင်များက ညွှန်ကြားထားကြောင်း ၎င်းပါတီနှင့် နီးစပ်သူများက ပြောသည်။ (Irrawaddy 090410)
- ၂၀၁၀ ရွေးကောက်ပွဲအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းအကြား အငြင်းပွားဖွယ် ဖြစ်နေချိန်၌ အရှေ့တောင်အာရှနိုင်ငံ ခေါင်းဆောင်များက အမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ပေါက်ရေးအတွက် `အားလုံးပါဝင်သည့်´ ရွေးကောက်ပွဲကို ကျင်းပပါရန် မြန်မာစစ်အစိုးရကို တိုက်တွန်းလိုက်သည်။ (Mizzima 090410)
- ရောဝတီတိုင်း ဘိုကလေးမြို့နယ်ရှိအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ခင်ဗိုလ်နှင့် တွဲဘက်အတွင်းရေးမှူး ဒေါ်မိမိစိန်အား အကျဉ်းထောင်များမှ ယနေ့နံနက်တွင် ပြန်လွှတ်ပေးလိုက်သည်။ (Mizzima 090410)
- မြန်မာနိုင်ငံတွင် အပူချိန် မြင့်တက်လာမှုကြောင့် "မိုးကြိုးမုန်တိုင်း" ဝင်ရောက်မှု ၂ လအတွင်း ဖြစ်နိုင်ခြေရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ပညာရှင် ဦးထွန်းလွင်က ပြောသည်။ (Mizzima 090410)
- မင်္ဂလာဒုံမြို့နယ်ရှိ လော်ကားဥယျာဉ်အား ဆက်လက်လုပ်ပိုင်ခွင့်နှင့် ထိန်းသိမ်းရေးအတွက် ထူးထရေးဒင်း ကုမ္ပဏီသို့ မကြာမီ လွှဲပြောင်းပေးတော့မည်ဖြစ်သည်။ (Mizzima 090410)
- Generation Wave ခေါ် မျိုးဆက်သစ်လူငယ်များအစည်းအရုံးအဖွဲ့ဝင် ကိုပြုံးချမ်းနှင့် ကိုအောင်ကိုမင်းတို့ကို စမ်းချောင်းတရားရုံးက နောက်ထပ်နှစ်ရှည် ထောင်ဒဏ်ချမှတ်လိုက်သည်။ (DVB 090410)
- ၂၀၁၀ ရွေးကောက်ပွဲတွင် မဲဆန္ဒပေးချင်သည့် ပြည်သူများအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ရွေးကောက်ပွဲမဝင်သည်း ၎င်းတို့မည်သို့မည်ပုံ မဲပေးရမည်ကို စိုးရိမ်နေကြောင်း နော်ဝေနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးက အဖွဲ့ချုပ်ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် မေးခွန်းထုတ်ခဲ့သည်။ (RFA 090410)
- မြန်မာ့ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတ၍ အားလုံးပါဝင်နိုင်သည့် ရွေးကောက်ပွဲဖြစ်အောင် ပြုလုပ်ပေးရန် မြန်မာစစ်အစိုးရကို အာဆီယံခေါင်းဆောင်များက တောင်းဆိုလိုက်သည်။ (RFA 090410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်တိုင်း တောင်ဒဂုံစက်မှု (၁) ရှိ အီးအိုင်ဂမ်း အီလက်ထရောနစ်စက်ရုံမှ အလုပ်သမား ၂၀၀ ကျော်သည် သင်္ကြန်ကာလအတွက် လုပ်အားခဆု ဘောနပ်ကြေးများ ရရှိရန်အတွက် ယနေ့နံနက်ပိုင်းက အလုပ်မဆင်းဘဲ ဆန္ဒပြခဲ့ကြသည်။ (RFA 090410)
- မြန်မာစစ်အစိုးရအပေါ် မူဝါဒများ ပြောင်းလဲကျင့်သုံးဖို့ ရည်ရွယ်ထားတဲ့ အမေရိကန် ပြည်ထောင်စုက ထိတွေ့ဆက်ဆံမှုများ လုပ်သွားမည်ဖြစ်သော်လည်း သိသာသည့် အပြောင်းအလဲတွေကို မြင်တွေ့လိုကြောင်း အမေရိကန်နိုင်ငံခြားရေး ဌာနပြောခွင့်ရပုဂ္ဂိုလ် P J Crowley ပြောဆိုလိုက်ပါတယ်။ (VOA 090410)
- ကရင်ပြည်နယ် ဖားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)နှင့် နအဖတပ်ဖွဲ့ဝင်တို့ကြား ဧပြီလ ၇ရက်နေ့မှစ၍ ယနေ့အထိ သုံးရက်ဆက်တိုက် တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ ဗိုလ် (၂)ဦး အပါအဝင် ၄ဦး ကျဆုံးခဲ့သည်ဟု KNU တပ်မဟာ (၇)မှ ထိပ်တန်းအရာရှိတဦးက ပြောသည်။ (KIC 090410)
- ထိုင်းနိုင်ငံ တာ့ခ်ခရိုင်၊ ဖုတ်ဖရမြို့ပိုင် နိုင်ဖို့ရှုးဝေါရားနားသည် အုန်းဖျန်ကရင်ဒုက္ခသည်စခန်းသို့ ယနေ့ လာရောက်လည်ပတ်ခဲ့ပြီး ဒုက္ခသည်များအား ထိုင်းနိုင်ငံ၏ စည်းမျဉ်းဥပဒေများကို အလေးထားလိုက်နာရန် ပြောဆိုသွားခဲ့သည်ဟု စခန်း ဥက္ကဌ စောဂါးထီးကပြောသည်။ (KIC 090410)
- ကရင်နီပြည်ရှိ လောပိတ ရေအားလျှပ်စစ် စက်ရုံ အမှတ် ၃ ကို အခုလပိုင်းကစ၍ တရုတ်အင်ဂျင်နီယာများမှ ပြန်လည်ပြင်ဆင် မွမ်းမံမှုများပြုလုပ်နေသည့်အတွက် မီတာခများထိုးတက်လာမည်ကို ပြည်သူများမှ စိုးရိမ်ပူပန်နေကြသည်။ (Kantarawaddy 090410)
- ရခိုင်ပြည် မြောက်ပိုင်း နယ်စပ် တလျှောက်ရှိ နယ်စပ် လုံခြုံရေးတပ် (နစက) စခန်းများတွင် ဧပြေလ ၅ ရက်နေ့မှ စ၍ စစ်ထောက်လှမ်းရေးများ ပိုမိုနေရာယူထားကြောင်း မောင်တောမြို့မှ နစကနှင့် နီးစပ်သူတဦးက ပြောသည်။ (Kaladan News 090410)
- ချင်းအမျိုးသားပါတီ Chin National Party (CNP) ဟုအမည်ပေးထားသည့် ချင်း နိုင်ငံရေးပါတီကို ဧပြီလ ၇ ရက်နေ့က စစ်အစိုးရရုံးစိုက်ရာ မြို့တော်သစ် နေပြည်တော်တွင် မှတ်ပုံတင်လိုက်ပြီဖြစ် ကြောင်း ဒီနေ့ထုတ်ပြန်သည့် မြန်မာ့အလင်းသတင်းစာ (New Light of Myanmar) ထဲတွင်ဖော်ပြထားသည်။ (Khonumthung News Group 090410)
- စစ်အစိုးရထံလိပ်မူ ရေးသားပေးပို့ထားသည့် တောင်းဆိုချက် ၈ ချက်အပေါ် နအဖ အမှန်တကယ်လက်ခံ အတည်ပြုမည်ကို ဂ အရာရှိအချို့ ပြန်လည်စိုးရိမ်နေကြောင်း အမည်မဖော်လိုသည့် ဂအရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 090410)
- မြန်မာစစ်တပ် စစ်ယာဉ်တန်းပေါ်မှ ကျပ်သိန်းပေါင်း ၂ သောင်းကျော်တန် တရုတ်မှောင်ခို ကုန်ပစ္စည်းများ မတ်လကုန်ပိုင်းက သျှမ်းပြည်(မြောက်ပိုင်း) လားရှိုးမြို့တွင် ဖမ်းဆီးခံရကြောင်း ဒေသခံကုန်သည်များက ပြောသည်။ (S.H.A.N 090410)

## ဧပြီလ (၁၀) ရက်

- ၂၀၁၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အဘယ့်ကြောင့် မှတ်ပုံမတင်ခြင်းနှင့်ပတ်သက်၍ ယခုလ ၆ ရက်နေ့က ထုတ်ပြန်လဲ့သည့် ပြည်သူသို့ မေတ္တာရပ်ခံ ပန်ကြားလွှာကို ဒေသခံပြည်သူများ ပိုမိုသိရှိရန်အတွက် ရောဂတီတိုင်း ဘိုကလေးမြို့နယ် အဖွဲ့ဝင်များက ထပ်ဆင့် ဖြန့်ဝင်လိုက်သည်။ (RFA 100410)
- ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် တစ်ဦးဖြစ်သူ ကိုဂျင်မီ (ခေါ်) ကိုကျော်မင်းယုက 'ဗဟုလွင်ပြင်' ဆိုသည့် ကလောင်အမည်နှင့် သူ့၏ထောင်တွင်းထောင်ပြင် အတွေ့အကြုံများကို 'ဂဲသြဃမှာ တေးသံပြိုင်' ဆိုသည့်ခေါင်းစဉ်နှင့် ရေးသားခဲ့သည့် ဝတ္ထုစာအုပ်ကို ဂျပန်နိုင်ငံ တိုကျိုအခြေစိုက် အလင်းအိမ်စာပေက ထုတ်ဝေလိုက်သည်။ (RFA 100410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆက်လက်မှတ်ပုံမတင်ကြောင်း ဆုံးဖြတ်ခဲ့သည့်ကိစ္စနှင့် အောက်ခြေပါတီဝင်များ ရှေ့ဆက်လုပ်မည့် လုပ်ငန်းစဉ်များကို မွန္တလေးတိုင်း NLD ဗဟိုလူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ တာဝန်ခံများက စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တွင် လွန်ခဲ့သည့်နှစ်ရက်မှစ၍ ချပြဆွေးနွေးခဲ့သည်။ (RFA 100410)
- ကချင်လွတ်မြောက်ရေးအဖွဲ့ချုပ်ကို နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စနှင့်ပတ်သက်၍ ကချင်နှစ်ချင်းခရစ်ယာန်ခေါင်းဆောင်များမှ စည်းရုံးနားချပေးရန်အတွက် မြောက်ပိုင်းတိုင်း တိုင်းမှူးက ဖိအားပေးနေသည်။ (RFA 100410)
- ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်ပြီး နိုင်ငံရေးပါတီအဖြစ် ပါတီဖွဲ့စည်းခွင့်ရရန်အတွက် လျှောက်လွှာတင်ထားသော ပါတီအချို့က ငွေရေးကြေးရေးနှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေများကြောင့် အခက်ကြုံနေရသည်။ (RFA 100410)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တရားစွဲဆိုခဲ့မှုကို ရန်ကုန်တိုင်းတရားရုံးက ပယ်ချလိုက်သဖြင့် ၎င်းလုပ်ရပ်သည် တရားဥပဒေနှင့်မညီညွတ်ကြောင်း အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကပြောသည်။ (VOA 100410)
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် သွေးအားနည်း ဝေဒနခံစားနေရကြောင်း ရှေ့နေဦးကြည်ဝင်းကပြောသည်။ (DVB 100410)
- ယမန်နေ့က နအဖ ကိုယ်စားလှယ်ဖြစ်သည့် ဂျီဂမ်းများ နှင့် ဂ ခေါင်းဆောင်တို့ ဌာနချုပ် ပန်ဆန်း၌ တွေ့ဆုံခဲ့ရာ ' BGF ရာနှုန်းပြည့်လက်ခံရမယ်လို့ တဘက်သတ်ပြောတယ်ဆိုတော့ ကျနော်တို့ တောင်းဆိုချက်ကို လုံးဝပယ်ချသည်သဘော' ဟု အမည်မဖော်လိုသည့် ဂ တပ်မှူးတဦးကပြောပါသည်။ (S.H.A.N 100410)

ဧပြီလ (၁၁) ရက်

- အိန္ဒိယ-မြန်မာနယ်စပ် အခြေစိုက် အိန္ဒိယသူပုန်အဖွဲ့များကို မြန်မာပိုင်နက်ထဲမှ တိုက်ထုတ်ရန်အတွက် မြန်မာစစ်အစိုးရက အိန္ဒိယအစိုးရကို စစ်ရေးအရ အကူအညီတောင်းခံထားကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကြည်သိန်းက ထုတ်ဖော်ပြောဆိုလိုက်သည်။ (RFA 110410)
- လွန်ခဲ့သည့် ၂၀၀၇ စက်တင်ဘာ သံဃာ့လှုပ်ရှားမှုအပြီးတွင် အဖမ်းခံရပြီး မွန္တလေး အိုးဘိုထောင်၌ ထောင်ဒဏ် ၁၀ နှစ်ကျခံနေရသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် ကိုဝေမျိုးထူး သည် ယခင်ရှိခဲ့ဖူးသည့် သွေးကင်ဆာရောဂါ ပြန်ထလာသဖြင့် ဆေးဝါးကုသမှုလိုအပ်နေသည်။ (RFA 110410)
- ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ALD အနေဖြင့် နအဖပြုလုပ်မည့်ရွေးကောက်ပွဲအား မှတ်ပုံတင်ပြီး ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ယမန်နေ့က ပြုလုပ်သည့် အရေးပေါ်အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။ (RFA 110410)
- ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စစ်အစိုးရ ကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်ကန့်ကွက် ကြောင်း လက်မှတ်ရေးထိုးပြီး လူထုဆန္ဒဖော်ထုတ်သည့် လှုပ်ရှားမှုတစ်ရပ် ယနေ့စတင်လိုက်သည်။ (DVB 110410)
- သျှမ်းပြည်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့တွင်း နေထိုင်သူ အသက် ၁၈ နှစ်အထက် လူဦးရေ စာရင်းကို ရပ်ကွက် အာဏာပိုင်အချို့က ကောက်ခံနေကြောင်း အမည်မဖော်လိုသူ ဒေသခံတဦးက ပြောသည်။ (S.H.A.N 110410)
- ၂၀၁၀ ရွေးကောက်ပွဲ ကော်မရှင်ထံ မှတ်ပုံတင်သည့် နိုင်ငံရေးပါတီ ၁၉ ခု အနက် တအာန်း (ပလောင်) ပါတီလည်း မှတ်ပုံတင်သည့် နိုင်ငံရေးပါတီအသစ်ထဲတွင် တခုပါဝင်ကြောင်း ထိုင်းနယ်စပ်နေ တအာန်း ခေါင်းဆောင် မိုင်အိုက်ဖုန်း ကပြောသည်။ (S.H.A.N 110410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## ဧပြီလ (၁၂) ရက်

- ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းတွင်းဒေသတွင် စွန့်ပစ်ကျောက်များထဲမှ ကောင်းနိုးရာလေးများ ရှာဖွေပြီး လုပ်ကိုင်စားသောက်နေသူများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကို အာဏာပိုင်များက လိုက်လံဖမ်းဆီးပြီး စစ်သား အဖြစ် စုဆောင်းနေကြောင်း ဒေသခံများကပြောသည်။ (RFA 120410)
- ၈၈ ကျောင်းသားခေါင်းဆောင် ကိုမြအေးကို ကျန်းမာရေးအခြေအနေ မကောင်းသဖြင့် ဆေးဝါးကုသရန် အတွက် တောင်ကြီးထောင်သို့ ယခုလ ၉ ရက်နေ့က ပြောင်းရွှေ့ခဲ့သည်ဟု တောင်ကြီးမြို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဗဟို ဦးစီးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒေါ်ခင်မိုးမိုးက ပြောသည်။ (RFA 120410)
- လွတ်ရက်စေ့ပြီး ကသာအကျဉ်းထောင်မှ မကြာခင်က ပြန်လွတ်လာသည့် စစ်ကိုင်းတိုင်း ဗန်းမောက်မြို့ နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဦးဝင်းဦးက ကသာထောင်၌ ကျန်ရစ်ခဲ့သည့် နိုင်ငံရေး အကျဉ်းသားအား လုံးနီးပါးက ကျန်းမာရေးချို့တဲ့နေကြောင်း ၎င်းကပြောသည်။ (RFA 120410)
- နေအိမ်အကျယ်ချုပ်ထိန်းသိမ်းခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နှလုံးအခြေ အနေနှင့်ပတ်သက်၍ ဆေးစစ်ရန်အတွက် ဧပြီလ ၁၁ ရက်နေ့က ရန်ကုန်ပြည်သူ့ဆေးရုံတွင် ဆေးစစ်ခွင့်ပြုခဲ့ကြောင်း စစ်အစိုးရ အရာရှိများကို ကိုးကားပြီး AFP သတင်းဌာနက ဖော်ပြထားသည်။ (RFA 120410)
- ချောက်ရေနံမြေ အထွေထွေမန်နေဂျာ ဒု-ဗိုလ်မှူးကြီးကျော်ဝင်းက လယ်သမားမိသားစုဝင်ဆီက ငွေလိမ်ယူခဲ့ကြောင်း ငွေလိမ်ခံရသူများကပြောသည်။ (DVB 120410)
- ရခိုင်ပြည်နယ် မြို့တော် စစ်တွေတွင် နှစ်စဉ် ကျင်းပနေသော ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် ကျင်းပ ပြုလုပ်ခွင့်ကို အာဏာပိုင်များက မြို့ထဲရပ်ကွက်များတွင် ပြုလုပ်ခွင့်ကို ပိတ်ပင်လိုက်သဖြင့် ယခုနှစ် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကို စစ်တွေတွင် ကျင်းပပြုလုပ်နိုင်မည် မဟုတ်ကြောင်း မြို့ခံ လူကြီးများက ပြောသည်။ (Narinjara 120410)
- ရှမ်းပြည်မြောက်ပိုင်း သိန်းနီအခြေစိုက် အမှတ် (၁၆) စစ်ဆင်ရေးကွပ်ကဲမှု စစ်ဌာနချုပ် (စကခ) လက်အောက်ခံ ခမရ (၅၀၇) က အရာရှိ ၂ ဦးကို လွန်ခဲ့သည့်လ ၂၉ ရက်နေ့က မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ (DVB 120410)
- စစ်အစိုးရ၏ ဖိနှိပ်ညှင်းပန်းမှုများကြောင့် မြန်မာနိုင်ငံမှ ထွက်ပြေးလာပြီး ဘင်္ဂလားဒေ့ရှ်သို့ ထပ်မံ ရောက်ရှိလာသည့် ထောင်နှင့်ချီသော ရိုဟင်ဂျာမွတ်စလင်များကို ဒုက္ခသည်အဖြစ် လက်ခံရန် ကုလ သမဂ္ဂ မေတ္တာရပ်ခံတောင်းဆိုမှုကို ဘင်္ဂလားဒေ့ရှ် အစိုးရကငြင်းပယ်လိုက်သည်။ (DVB 120410)

## ဧပြီလ (၁၃) ရက်

- မြန်မာနိုင်ငံတွင် ယခုနှစ် ကျင်းပမည့် ရွေးကောက်ပွဲသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှု သွားလိမ့်မည်ဟု မျှော်လင့်ကြောင်း တရုတ်အစိုးရက ထုတ်ဖော်ပြောဆိုလိုက်သည်။ (RFA 130410)
- ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံပြီး စစ်အစိုးရ၏ ရွေးကောက်ပွဲကို သပိတ်မှောက်သည့်အနေဖြင့် အဂါရောင် သင်္ကေတများကို ဂတ်ဆင်ကြရန် မြေအောက်လှုပ်ရှားမှုများကို ဖော်ဆောင်နေသည့် လူငယ် နှင့်ကျောင်းသားများက သင်္ကြန်အကျနေ့တွင် တိုက်တွန်းလိုက်သည်။ (RFA 130410)
- ရခိုင်ပြည်တွင် ယခင် ရှိပြီးသား နိုင်ငံရေး ပါတီများမှ ခေါင်းဆောင်များနှင့် ယခု အသစ်ထူထောင်မည့် ပါတီများမှ ခေါင်းဆောင်များအကြား မကြာမီ ပြုလုပ်မည့် ရွေး ကောက်ပွဲနှင့် ပတ်သက်ပြီး မည်သို့မည်ပုံ လုပ်ကိုင်ဆောင် ရွက်ရမည်ကို စဉ်းစားနေချိန်တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကရွေးကောက်ပွဲကို မဝင်ရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်သည်။ (Narinjara 130410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဧပြီလ (၁၄) ရက်

- ရန်ကုန်မှာ ဒီနှစ်တော့ ရေကစားမဏ္ဍပ်တွေ ခပ်ကျဲကျဲနဲ့ သိပ်စည်စည်ကားကား မရှိဘူးလို့ ရန်ကုန်မြို့ ခံတွေက ပြောပြပါတယ်။ (VOA 140410)

ဧပြီလ (၁၅) ရက်

- အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ဧပြီလ ၁၁ ရက်မှ ၁၄ ရက်နေ့အထိ ၄ ရက်ကြာ ကျင်းပပြီးစီးခဲ့ သည့် World Movement Democracy (WMD) ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီလှုပ်ရှားသူများညီလာခံတွင် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။ (RFA 150410)
- ယခုလပိုင်းအတွင်း ကချင်ပြည်နယ်က သစ်များ တရုတ်ပြည်ဘက်ကို တရားမဝင် တင်သွင်းမှုများ ယခင်ထက် ၂ ဆ တိုးတက်များပြားလာကြောင်း ဒေသခံများကပြောသည်။ (RFA 150410)
- ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း ရေကစားမဏ္ဍပ်များတွင် ယနေ့မိုးလွဲပိုင်းက ဗုံးပေါက်ကွဲခဲ့သဖြင့် အနည်းဆုံး လူ ၁၀ ထက်မနည်း သေဆုံးခဲ့သည်။ (RFA 150410)
- ပါတီကို ပြန်လည် မှတ်ပုံမတင်တော့တဲ့အတွက် ပါတီဖျက်သိမ်းခံရပြီး နိုင်ငံရေး လှုပ်ရှားမှုတွေ မလုပ်နိုင် တော့ရင် လူမှုရေး လုပ်ငန်းတွေ ဆက်ပြီး လုပ်သွားမယ်လို့ ပြောထားတဲ့ NLD အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ရောဂါတီ မြစ်ဝကျွန်းပေါ် ဒေသဘက်မှာ ရေသန့်ရရှိရေး အပါအဝင် လူမှုရေး လုပ်ငန်းတွေ ကို အခုကတည်းက လုပ်ပေးနေသည်။ (VOA 150410)

ဧပြီလ (၁၆) ရက်

- UWSA ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၏ ကမ်းလှမ်းချက်အသစ်နှင့်ပတ်သက်၍ နအဖက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအတိုင်း နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စကိုသာ အဓိက စည်းစားရမည်ဖြစ်ကြောင်း စစ်အစိုးရကိုယ်စားလှယ်များက အကြောင်းပြန်ခဲ့သည်။ (RFA 160410)
- မြန်မာစစ်အစိုးရ တောင်းဆိုထားသည့် နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စနှင့် ၁၉၉၄ ခုနှစ် ကတည်းက မြန်မာစစ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် အခြေအနေများကို ကချင်ပြည် လွတ်လပ်ရေးအဖွဲ့ KIO က ကချင်လူထုနှင့် အောက်ခြေဝန်ထမ်းများကို ရှင်းလင်းချပြခဲ့သည်။ (RFA 160410)
- မြန်မာနိုင်ငံတဝန်းလုံးက သစ်တောဖုံး ဧရိယာသည် ၃၅ နှစ်အတွင်း ရာခိုင်နှုန်း ၂၀ နီးပါး ကျဆင်းသွား ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး FAO ၏ အစီရင်ခံစာကို ကိုးကား၍ တရုတ်ဆင်ဟွာနှင့် မလေးရှား ဘနားမားသတင်းစာမျက်နှာများက ဖော်ပြထားသည်။ (RFA 160410)
- လူ ၆၀၀ ကျော် သေဆုံးခဲ့သည့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ငလျင်ကြောင့် မြန်မာအပါအဝင် အာဆီယံ ၃ နိုင်ငံကို ချစ်ကြည်ရေးလာရောက်မည့် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်၏ ခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း တရုတ် အစိုးရ သတင်းဌာနက ကြေညာလိုက်သည်။ (RFA 160410)

ဧပြီလ (၁၇) ရက်

- ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဖလန်ဆောင် အရပ်ရှိ Thai Fishing Net Industry Co.Ltd စက်ရုံမှ ယာယီ နိုင်ငံ ကူးလက်မှတ် ကိုင်ဆောင်ခွင့်ရရန် တောင်းဆိုသော အလုပ်သမား (၃၂)ဦး ယမန်နေ့က အလုပ် ထုတ်ခံလိုက်ရကြောင်း အလုပ်သမား ဒေါ်တင်ရီကပြောသည်။ (Irrawaddy 170410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြစ်ဆုံရေကာတာ စီမံကိန်းကို တည်ဆောက်နေသည့် အေရှားပေါလ် ကုမ္ပဏီ ဆက်သွယ်ရေးရုံး အဆောက်အဦးနှင့် တရုတ်လူမျိုး ပညာရှင်များနေထိုင်သည့် နေရာများတွင် ဗုံးများဆက်တိုက် ပေါက်ကွဲ ခဲ့သည်ဟု ကချင်သတင်းစဉ်မှ အယ်ဒီတာ ကိုနော်ဒင်းကပြောသည်။ (Irrawaddy 170410)
- လွန်ခဲ့သည့် သင်္ကြန်အကြို ဧပြီလ ၁၃ ရက်နေ့က ရေပန်ထမ်းများကြောင့် လူငယ်တစ်ဦး သေဆုံးသွားသည့် ဖြစ်ရပ်တစ်ခု ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်တွင် ဖြစ်ပွားခဲ့သည်။ (RFA 170410)
- နစ်ရှည်ထောင်ဒဏ် ကျနေခံနေရသည့် ဘလော့ဂါ ကိုနေဘုန်းလတ်ကို အမေရိကန် ပြည်ထောင်စု PEN American စာနယ်ဇင်း အဖွဲ့ကြီးက ရွှေကလောင်ဆု ချီးမြှင့်ရန် ရွေးချယ်လိုက်သည်။ (RFA 170410)
- ယခုလ ဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်း ကန်တော်ကြီးပတ်လမ်း X20 သင်္ကြန်မဏ္ဍပ် ဗုံးပေါက်ကွဲခဲ့မှုအပေါ် အမေရိကန် အစိုးရနှင့် စင်္ကာပူအစိုးရတို့က ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်သည်။ (RFA 170410)
- နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ AI ဦးစီးပြီး မြန်မာ၊ သီရိလင်္ကာ၊ တိဗက်နှင့် ကွန်ဂိုနိုင်ငံများမှ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကန့်ကွက်ဆန္ဒပြသည့် လှုပ်ရှားမှုတစ်ရပ်ကို အမေရိကန်ပြည် ထောင်စု နယူးယောက်မြို့တွင် ကျင်းပခဲ့သည်။ (RFA 170410)
- မြန်မာနိုင်ငံမှာ အဓမ္မစေခိုင်းမှုတွေနဲ့ ဖိနှိပ်မှုတွေဘေးကနေ လွတ်မြောက်ဖို့ထွက်လာကြတဲ့ ချင်းတိုင်းရင်း သား ဒုက္ခသည်တွေ ကိုယ့်ဘာသာ ရပ်တည်နိုင်အောင် ကူညီစောင့်ရှောက်ဖို့ မလေးရှား အာဏာပိုင်တွေ ကို UNHCR ကုလသမဂ္ဂ အရာရှိတွေက တိုက်တွန်းတောင်းဆိုလိုက်သည်။ (VOA 170410)

## ဧပြီလ (၁၈) ရက်

- နစ်ဆန်းတရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွှေဂုံတိုင်ဌာနချုပ်တွင် သက်ကြီးပူဇော်ပွဲနှင့် သံဃာ တော်များကို ဆွမ်းကပ်လှူပွဲတစ်ခု ပြုလုပ်ခဲ့ကြသည်။ (DVB 180410)
- ရန်ကုန်သင်္ကြန်ဗုံးပေါက်ကွဲမှုသည် ထိုင်း-မြန်မာနယ်စပ်ရောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ် မြောက်နယ်မြေ အပါအဝင် NCUB နှင့် အပေးရောက်ညွန့်ပေါင်းအစိုးရတို့ လက်ချက်ဖြစ်ကြောင်း ယနေ့ထုတ် နအဖကြေးမုံသတင်း စာတွင် ဖော်ပြထားသည်။ (DVB 180410)

## ဧပြီလ (၁၉) ရက်

- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စများနှင့်ပတ်သက်၍ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) က လူထုအား အသိပေးရှင်းလင်းသည့် အခမ်းအနားတခုကို ကေအိုင်အို ဗဟိုဌာနချုပ်ရှိရာ လိုင်ဇာမြို့တွင် ယခုလ (၁၆) ရက်၌ ပြုလုပ်ခဲ့သည်။ (NEJ 190410)
- လွန်ခဲ့သည့် ဧပြီလ (၅) ရက်နေ့၌ နေပြည်တော်တွင် ပါတီဖွဲ့စည်းလိုကြောင်း သွားရောက်လျှောက်ထားခဲ့ သည့် ကချင်ပြည်နယ် တိုးတက်ရေးပါတီသည် ယခုအခါ စည်းရုံးရေးလုပ်ငန်းများ အရှိန်တိုးမြှင့် လုပ်ဆောင်နေပြီဖြစ် ကြောင်း ကချင်ပြည်နယ် ဒေသခံများက ပြောသည်။ (NEJ 190410)
- ကရင်အမျိုးသားအလံတော်ကို ပါတီအလံအဖြစ်အသုံးပြု၍ နအဖကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရောက်မည့် မည်သည့် ကရင်ပါတီကိုမဆို ကန့်ကွက်သည်ဟု ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် နိုင်ငံတကာသို့ ရောက်ရှိနေကြသည့် ကရင်အမျိုးသားများက ပြောသည်။ (NEJ 190410)
- အစိုးရရုံးများစိုက်ရာ နေပြည်တော်၌ ဆိုင်ကယ် တိမ်းမှောက်မှုနှင့် တိုက်မှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိပြီး သေဆုံးသူ များပြားနေကြောင်း ဖိုးဆောင်းတောင် ယာဉ်ထိန်းတပ်ဖွဲ့ တာဝန်ရှိသူတဦးက ပြောသည်။ (NEJ 190410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နာရေးကူညီမှုအသင်း (ရန်ကုန်) က မြန်မာနှစ်ဆန်း (၁) ရက်နေ့ ဧပြီလ (၁၇) ရက်တွင် ပထမဦးဆုံး အကြိမ်အဖြစ် အသုဘပို့နောက်လိုက်ယာဉ်ကို အခမဲ့စီစဉ်ပေးခဲ့ကြောင်းနှင့် စာနယ်ဇင်းသမားများလည်း ပါဝင်ဆောင်ရွက်လာကြောင်း နာရေးကူညီမှုသင်းဥက္ကဋ္ဌ ဦးကျော်သူက ပြောသည်။ (NEJ 190410)
- ယနေ့အထိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တွင် မှတ်ပုံတင်သော ပါတီ ၁၉ ခု ရှိပြီ ဖြစ်သော်လည်း ၁၉၉၀ ရွေးကောက်ပွဲတွင် အများဆုံး အနိုင်ရခဲ့သည့် ပါတီအများစု ရွေးကောက်ပွဲဝင်ရန် မှတ်ပုံမတင်ကြဟုဆိုသည်။ (Irrawaddy 1904120)
- ဧပြီ ၁၇ ရက်နေ့ကကချင်ပြည်နယ် မြစ်ဆုံ ရေကာတာ စီမံကိန်းအနီး ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ စစ်အစိုးရ၏ မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တို့ မြစ်ကြီးနားမြို့တွင် ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း KIO အဖွဲ့ တာဝန်ခံတဦးက ပြောသည်။ (Irrawaddy 190410)
- သင်္ကြန်တွင်း ရန်ကုန်မြို့ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ ပြည်ပအခြေစိုက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (NLD -LA) နှင့် မြန်မာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ABSDF) တို့ကို စစ်အစိုးရက စွပ်စွဲထားသည်။ (Irrawaddy 190410)
- မြစ်ဝကျွန်းပေါ် ကျေးရွာများတွင် သောက်သုံးရေ အမြန်ဆုံး ရရှိရေး အကူအညီများပေးရန် လိုအပ်နေ ကြောင်း ရန်ကုန်မြို့ ကုလသမဂ္ဂရုံး ပြန်ကြားရေး တာဝန်ခံ ဦးအေးဝင်းက ပြောသည်။
 (Mizzima 190410)
- ၂၀၁၀ ရွေးကောက်ပွဲဝင်နိုင်ရေးအတွက် နအဖစစ်အစိုးရထံ နိုင်ငံရေးပါတီမှတ်ပုံတင်နိုင်ရန် မော်လမြိုင်မြို့၌ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဧပြီလတတိယအပါတ်တွင် အစည်းအဝေးကျင်းပမည်ဟု ကော်မီတီဝင်တစ်ဦးမှ ပြောသည်။ (Kaowao 190410)

ဧပြီလ (၂၀) ရက်

- နအဖစစ်အစိုးရသည် လူ (၈) ဦး သေဆုံးပြီး (၁၇၀) ကျော် ဒဏ်ရာရခဲ့သည့် ဧပြီ (၁၅) သင်္ကြန်ဗုံးကွဲမှု သတင်းကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် လုပ်ဆောင်နေပြီး ယင်းကဲ့သို့ လုပ်ဆောင်ချက် နောက်ကွယ်တွင် ရည်ရွယ်ချက် တစုံတရာရှိနိုင်ကြောင်း ပြည်တွင်း စာနယ်ဇင်းအသိုင်းအဝိုင်းနှင့် ရန်ကုန်မြို့ခံများက သုံးသပ်နေကြသည်။
 (NEJ 200410)
- ၂၀၁၀ ရွေးကောက်ပွဲကို မည်သည့်နေ့ရက်တွင် ကျင်းပမည်ဟု မကြေညာသေးသည့် စစ်အစိုးရက ရွေးကောက်ပွဲ ကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံမတင်သေးသည့် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း (ကြံ့ဖွံ့) က ကျယ်ကျယ်ပြန့်ပြန့် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်နေသည်။ (NEJ 200410)
- ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ထုတ်လုပ်သည့် မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ဈေးကွက် ကျယ်ပြန့်လာစေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၎င်းတို့လက်ဝါးကြီးအုပ် ဈေးနှုန်းကြီးမြင့် စွာ ရောင်းချနေသော မိုဘိုင်းလ်ဖုန်း တပ်ဆင်ခွင့် ပါမစ်ကို နေ့ချင်းပြီး ချထားပေးရန် စီစဉ်နေသည်။ (NEJ 200410)
- ရန်ကုန်တိုင်း အမှတ် (၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးအုံးချိုသည် သင်္ကြန်အကြတ်နေ့ ဧပြီ (၁၅) ရက်၊ ညနေ (၃) နာရီ၌ ရန်ကုန်မြို့ ကန်တော်ကြီးရှိ X2O ရေပက်မဏ္ဍပ်တွင် ဗုံးပေါက်ကွဲခဲ့မှုကြောင့် အသည်းတွင် ဗုံးဒဏ်ရာရရှိကာ အလွန်စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း မင်္ဂလာဒုံစစ်ဆေးရုံ သတင်းရပ်ကွက်မှ ဆိုသည်။ (NEJ 200410)
- နိုင်ငံတော်အဆင့် ကျင်းပသော ပထမအကြိမ် နေပြည်တော် မဟာသင်္ကြန်ပွဲတော်သည် လုံခြုံရေးတင်း ကျပ်နေသည့်ကြားမှ အထူးစည်ကားခဲ့သည်ဟု နေပြည်တော်ဝန်ထမ်း အသိုင်းအဝိုင်းက ပြောသည်။ (NEJ 200410)
- စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်တွင် ဆိုးဝါးနိမ့်ကျနေသော တအောင်း (ပလောင်) ဒေသရှိ ပညာရေး စနစ်နှင့် ပတ်သက်၍ တအောင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး (တီအက်စ်ဝိုင်အို) က "အလင်းမဲ့ဘဝ" အမည်ရှိ ပညာရေး အစီရင်ခံစာတစောင်ကို ယနေ့စတင်ဖြန့်ချိသည်။ (NEJ 200410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဧပြီလ ၂၂ ရက်နေ့တွင် နယ်ခြားစောင့် တပ်အသွင် ပြောင်းခြင်းနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ကို စစ် အစိုးရအား ပေးရမည့် ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) က စစ်ရေး ပြင်ဆင်မှုများ အပါအဝင်မဟာမိတ်များနှင့် နီးကပ်စွာ ဆက်ဆံမှုများကို ယခု ရက်ပိုင်း အတွင်း ပိုမို ပြုလုပ်လာသည်။ (Irrawaddy 200410)
- ရန်ကုန်မြို့တွင် ပုံးဖောက်ခွဲခဲ့သည့် တရားခံ ဖမ်းမိရန် သတင်းပေး နိုင်ပါက ဆုငွေ ကျပ် (၁ဝ) သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း ယခုလ ၁၈ ရက်နေ့၌ အစိုးရ အာဏာပိုင်များက ထုတ်ပြန်ထားသည်။ (Irrawaddy 200410)
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို ငြင်းဆိုနေသည့် ကချင်လွတ်မြောက်ရေး အဖွဲ့ KIO သည် ကချင်လူထုအား စစ်သင်တန်းများ ပေးနေကြောင်း ဒေသခံများနှင့် KIO အရာရှိများကပြောသည်။ (Mizzima 200410)
- ရန်ကုန်မြို့ ဘုန်းကြီးကျောင်းအချို့အား ရပ်ကွက်အာဏာပိုင်များက ကျောင်းပိုင်မြေ ဂရမ်အထောက် အထားများကို ယခုတပတ်မှ စတင်၍ လိုက်လံစစ်ဆေးနေကြောင်း ကျောင်းတိုက်အချို့မှ ဆိုသည်။ (Mizzima 200410)
- ရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတပြီး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးမှ ပါဝင်နိုင်ရန် ဂျပန်နဲ့ မလေးရှား ခေါင်းဆောင်များက ယနေ့ ပူးတွဲကြေညာချက် ထုတ်ပြန် တောင်းဆိုလိုက်သည်။ (VOA 200410)

## ဧပြီလ (၂၁) ရက်

- ပုံးပေါက်ကွဲသည့်နေ့မှ ဧပြီ (၁၈) ရက်နေ့အထိ ရိုက်ကူးထားသည့် ရုပ်သံ Documentary အစီအစဉ်တခုကို ဧပြီ (၂၀) ရက် ည (၈) နာရီကျော်တွင် MRTV-4 ချယ်နယ်မှ ထုတ်လွှင့်သွားကြောင်း ရန်ကုန်မြို့ခံများက ပြောကြားသည်။ (NEJ 210410)
- မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဖြစ်သည့် အိမ်ယာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ကဏ္ဍများတွင် ရန်ပုံငွေလိုအပ်ချက် မြင့်မားဆဲဖြစ်ကြောင်း သုံးပွင့်ဆိုင်အဖွဲ့က ယမန်နေ့၌ အစီရင်ခံစာ ထုတ်ပြန်လိုက်သည်။ (NEJ 210410)
- ကချင်ပြည်နယ်၊ ဧရာဝတီမြစ်ဆုံ ရေကာတာစီမံကိန်း ဧရိယာအတွင်း မိုင်းပုံးများ ဆက်တိုက်ပေါက်ကွဲပြီး နောက်ပိုင်းတွင် ဒေသအတွင်း၌ ဧည့်စာရင်း စစ်ဆေးကာ ညအချိန်သွားလာမှုများကို ဒေသခံအာဏာပိုင်များက တားမြစ်ထားသည်။ (NEJ 210410)
- ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေး မဲဆောက်-မြဝတီ ကုန်သွယ်မှုလမ်းကြောတွင် တည်ရှိသည့်ဂျိုင်းမြစ်ကူး ဖောတံတားအသစ်မှ ဖြတ်သန်းသည့် ကုန်တင်ယာဉ်များကို အာဏာပိုင်များက တံတားကြေး ပိုမိုကောက်ခံနေသည့်အတွက် သာမန်ကုန်သည်များ ဆုံရှုံးနစ်နာမှုများနှင့် ကြုံတွေ့နေရသည်။ (NEJ 210410)
- မြန်မာ့အဓိက မြစ်ကြီးတခုဖြစ်သော ချင်းတွင်းမြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်း (၂) ခုအတွက် ဒေါ်လာ (၅.၆) ဘီလီယံ ရင်းနှီးမြှုပ်နှံရန် နောက်ဆုံးအဆင့် စဉ်းစားနေပြီဖြစ်ကြောင်း အိန္ဒိယအစိုးရပိုင် NHPC Ltd. က ယနေ့ ပြောကြားလိုက်သည်။ (NEJ 210410)
- ၂ဝဝ၈ အခြေခံ ဥပဒေကို ပြန်လည်မသုံးသပ်သည့်အပြင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်းမရှိဘဲကျင်းပမည့် ရွေးကောက်ပွဲကို အသိအမှတ်ပြုမည်မဟုတ်ဟု ဩစတြေးလျနိုင်ငံ၊ နယူးဆောက်ဝေး (New South Wales) ပြည်နယ်လွှတ်တော်တွင် ယမန်နေ့က ကန့်ကွက်သူမရှိ ဆုံးဖြတ်လိုက်သည်။ (Irrawaddy 210410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- စစ်အစိုးရနှင့် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေး ဆွေးနွေးပွဲပျက်ပြားခဲ့ပါက ထိပ်ပိုင်းခေါင်းဆောင် တချို့အပါအဝင် မွန်ပြည်သစ် ပါတီဝင်များတောတွင်း အခြေစိုက် စခန်းသို့ပြန်ရန် လျှို့ဝှက်နှုတ်ဆက်ပွဲများ ကျင်းပနေကြကြောင်း မွန်ပြည်သစ်ပါတီနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (Irrawaddy 210410)
- ရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များတွင် အာဏာပိုင်များ၏ ညွှန်ကြားမှုဖြင့် ရပ်ကွက်အိမ်ထောင်စုအလိုက် လူဦးရေစာရင်းများ ဒုတိယအကြိမ်မြောက် ကောက်ယူနေကြောင်း ကြံ့ဖွံ့တာဝန်ရှိသူတစ်ဦးက ပြောသည်။ (Irrawaddy 210410)
- မွန်ပြည်နယ်ရှိ မြို့နယ်များတွင် မြန်မာစစ်အစိုးရမှ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲအတွက် မဲကော်မရှင်များကို တစ်ရွာလျှင် ကော်မရှင် ၆ ဦးနှင့် အရန်ကော်မရှင် ၆ ဦး တို့ကို ယခုလ နောက်ဆုံး အပတ်မှာ သက်ဆိုင်ရာ မြို့နယ်မယကရုံးသို့ ပို့ဆောင်ရမည်ဖြစ်ကြောင်း မယကဥက္ကဋ္ဌတစ်ဦးကပြော သည်။ (IMNA 210410)
- ကလေးမြို့နယ် ကျဉ်းခုန်ကြီးရွာအုပ်စုဒေသခံများကို တံတားဆောက်လုပ်ရန်အတွက် ရံပုံငွေမထည့် သူများထံမှ အိမ်သုံးပစ္စည်းများအား အာဏာပိုင်များက သိမ်းယူနေသည်။ (Khonumthung News Group/ VOB 210410)

<u>ဧပြီလ (၂၂) ရက်</u>

- ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် လျှောက်ထားသည့် ခေတ်သစ်ပြည်သူ့ပါတီသည် ကြံ့ဖွံ့၏အကူအညီကို ရယူထားကြောင်း ရန်ကုန်တိုင်း ကြံ့ဖွံ့အဖွဲ့ဝင် တဦးက အခိုင်အမာ ပြောဆိုလိုက်သည်။ (NEJ 220410)
- ဧပြီ (၁၅) ရက် (သင်္ကြန်အကြတ်နေ့)၊ ကန်တော်ကြီးပတ်လမ်း X20 မဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် အဓိကတာဝန်ရှိသူမှာ နအဖသာလျှင်ဖြစ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်သူတို့က ဝေဖန်ပြောဆိုကြသည်။ (NEJ 220410)
- ပြီးခဲ့သည့် သင်္ကြန်မတိုင်ခင်ရက်မှစပြီး ရန်ကုန်တိုင်းအတွင်း မြို့နယ်အချို့တွင် လာမည့်ရွေးကောက်ပွဲ အတွက် အိမ်ထောင်စုအလိုက် လူဦးရေစာရင်းများ လိုက်လံကောက်ယူနေကြောင်း ဒေသခံနှင့်အာဏာ ပိုင်များက ပြောသည်။ (NEJ 220410)
- သင်္ကြန်မတိုင်မီကတည်းက တွံတေးမြို့နယ်တွင်းရှိ ကလေးငယ်အချို့တွင် အဖျားရောဂါ စတင်ဖြစ်ပွား ခဲ့ပြီး ယခုအခါ ကလေးတိုင်းနီးပါး ဖြစ်ပွားလာနေကာ ရုတ်တရက် ကိုယ်ပူချိန် (၁၀၀) ဒီဂရီဖာရင်ဟိုက် အထိ မြင့်တက်လာခြင်း၊ ကိုယ်ခန္ဓာတွင် အနီကွက်များ ဖြစ်ပေါ်လာခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေကြသည်။ (NEJ 220410)
- ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် တာမခံ၊ ဟောင်ပါးဒေသအတွင်း နယ်မြေခံအာဏာပိုင်များထံ ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေပေးပြီး ရွှေတူးဖော်သည့်လုပ်ကွက် အများအပြားရှိလာနေကာ အာဏာပိုင်များကလည်း ငွေအလွဲသုံးစားလုပ်နေသည်။ (NEJ 220410)
- နယ်ခြားစောင့် တပ်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ စစ်အစိုးရက စစ်ရေးအရ တိုက်ခိုက်ခဲ့လျှင် တရုတ်-မြန်မာ နယ်စပ်ရှိ အပစ်ရပ် အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်ရန် ဆွေးနွေးပွဲတရပ်ကို ယမန်နေ့က ပန်ဆန်းမြို့တွင် ပြုလုပ်ခဲ့ကြောင်း ဝ အရာရှိတစ်ဦးက ပြောသည်။ (Irrawaddy 220410)
- မြန်မာနိုင်ငံတွင် ၂၀၁၀ ရွေးကောက်ပွဲ ကျင်းပပြီးပါက ထိုင်း-မြန်မာ နယ်စပ်ရှိ ဒုက္ခသည် စခန်း ၃ ခုတွင် နေထိုင်သော ဒုက္ခသည်များကို မြန်မာနိုင်ငံသို့ ပြန်ပို့နိုင်ရန်မျှော်လင့်ကြောင်း ယမန်နေ့က တာ့ခ်ခရိုင် အုပ်ချုပ်ရေးမှူးက ပြောကြားလိုက်သည်။ (Irrawaddy 220410)
- မြစ်ကြီးနားမြို့ရှိ မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းဒေသ၌ ပြီးခဲ့သည့်အပတ်က ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲ မှုများနှင့် ပတ်သက်၍ တနင်္ဂနွေနေ့တွင် အာဏာပိုင်တို့က ဒေသခံ ၅ ဦးကို ဖမ်းဆီးကာ လုံခြုံရေး တင်းကျပ်ထားသည်ဟု ထိုင်းနိုင်ငံအခြေစိုက် ကချင်သတင်းစဉ် အယ်ဒီတာ ကိုနော်ဒင်းက ပြောသည်။ (Irrawaddy 220410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- စစ်အစိုးရက ပြည်သူပိုင် မီဒီယာများနှင့် ပုဂ္ဂလိကပိုင် မီဒီယာများတွင် ကန်တော်ကြီး ပတ်လမ်းရှိ X20 ရေကစား မဏ္ဍပ်အနီး ဗုံးပေါက်ကွဲခဲ့မှုအကြောင်းကို အနိဋ္ဌာရုံမြင်ကွင်းများနှင့်တကွ ဖော်ပြခိုင်းသောကြောင့် ပြည်သူအများ အကြား ထိတ်လန့်နေကြကြောင်း သတင်းမီဒီယာ အသိုင်းအဝိုင်းမှဆိုသည်။ (Irrawaddy 220410)
- စစ်အစိုးရနှင့် ထိတွေ့ဆက်ဆံရေး မူဝါဒကို ပြန်လည်သုံးသပ်ရန် လွှတ်တော်အမတ်များက ဝေဖန်မှုများ ရှိသည့်တိုင် ယင်းမူဝါဒကို ဆက်လက်ကျင့်သုံးမည်ဟု အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး P. J Crowley က ပြောကြားလိုက်သည်။ (Irrawaddy 220410)
- စစ်အစိုးရရာဇသံ၏ နောက်ဆုံးရက်တွင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းလဲရေးကို လက်မခံ နိုင်ကြောင်း ကချင်လွတ်မြောက်ရေးအဖွဲ့ KIO က ထပ်လောင်း တုံ့ပြန်လိုက်သည်။ (Mizzima 220410)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် သဘောကွဲ ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေက ပါတီများ မှတ်ပုံတင် ရမည့် နောက်ဆုံးရက်အထိ ဒေါ်အောင်ဆန်းစုကြည်အပေါ် သစ္စာရှိမှုကို ပြသသွားမည်ဟု ပြောကြားလိုက်သည်။ (Mizzima 220410)
- ရန်ကုန်မြို့ ကန်တော်ကြီးရှိ ရေကစားမဏ္ဍပ်တွင် ဗုံးများပေါက်ကွဲသည့် ဖြစ်ရပ်အား ဓာတ်ပုံရိုက်သဖြင့် အဖမ်းခံခဲ့ ရသော သတင်းသမားနှင့် သူ၏သားအား ချက်ချင်းလွှတ်ပေးရန် သတင်းမီဒီယာ စောင့်ကြည့် လေ့လာရေးအဖွဲ့များက တောင်းဆိုလိုက်ကြသည်။ (Mizzima 220410)
- ယခုလ ၂၂ ရက် နောက်ဆုံးထား၍ နယ်ခြားစောင့်တပ် အသွင်ပြောင်းမည့်တပ်အင်အား စာရင်းပေးပို့ရန် နအဖ သတိပေးထားချက်ကြောင့် နောက်ဆုံးရက်နီးလာသည်နှင့်အမျှ ပြည်သူများ စိုးရိမ်ခြောက်ခြားပြီး နေရပ်မှ တိမ်းရှောင် နေကြသည်ဟု ဒေသခံများကပြောသည်။ (S.H.A.N 220410)
- စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်ကိုယ်စား အဖွဲ့တစ်ဖွဲ့က နယ်ခြားစောင့်တပ်အသွင် ပြောင်းရန် မိုင်းလားတပ်ဖွဲ့အား ထပ်မံသွားရောက် ဖိအားပေးခဲ့သော်လည်း မိုင်းလားအဖွဲ့က မူလရပ်တည်ချက်ကို ပြောင်းလဲမည် မဟုတ်ကြောင်း ခိုင်လုံသည့် သတင်းရပ်ကွက်မှဆိုသည်။ (S.H.A.N 220410)
- ရှမ်းပြည်နယ် လွယ်လင်မြို့ ၄ ရပ်ကွက်ရှိ လယ်သမား ၉ ဦးပိုင် လယ်မြေ ၁၈ ဧကကို မြို့နယ်မယကနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်းပြီး သိမ်းဆည်းလိုက်ကြောင်း ဒေသခံလယ်သမားများက ပြောသည်။ (RFA 220410)
- သင်္ကြန်အကြတ်နေ့ ဧပြီလ ၁၅ ရက်နေ့က ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းရှိ စပယ်ရှယ်ဇုန် ရေကစားမဏ္ဍပ် ဗုံးပေါက်ကွဲမှု၌ သေဆုံးသူများနှင့် ဒဏ်ရာရသူများအတွက် ဘာသာပေါင်းစုံ ဆုတောင်းပွဲများကို ကျောင်းသား လူငယ်များက ရန်ကုန်မြို့တွင် စုပေါင်းပြုလုပ်ခဲ့ကြသည်။ (RFA 220410)

## ဧပြီလ (၂၃) ရက်

- ပြည်ထောင်စုဒီမိုကရေစီပါတီက ၎င်းတို့၏ပါတီရန်ပုံငွေကို တရားဝင်ထူထောင်ထားသော ပါတီပိုင်စီးပွား ရေးလုပ်ငန်း များမှ ရရှိသော ငွေကြေးဖြင့် သုံးစွဲမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ (NEJ 230410)
- လွန်ခဲ့သည့် ဧပြီ (၁၅) ရက်နေ့က ကန်တော်ကြီး X20 မဏ္ဍပ်စင်အနီး ဗုံး (၃) လုံးပေါက်ကွဲမှုဖြစ်ပွားရာ ဗုံးဖြင့်ပစ်သူကို အာဏာပိုင်များက ဖမ်းမိထားကြောင်း ယနေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ် စာမျက်နှာ (၅) တွင် ဖော်ပြထားသည်ဟု ဖတ်ရှုရသူ ရန်ကုန်မြို့ခံများက ပြောသည်။ (NEJ 230410)
- နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပထမဆုံး လျှောက်ထားသည့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင် စုမြန်မာနိုင်ငံ)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်တို့ကို ၂၀၁၀ ရွေးကောက်ပွဲ ကော်မရှင်က ယမန်နေ့တွင် ပါတီတည်ထောင်ခွင့်ပြုလိုက်သည်။ (NEJ 230410)
- လာမည့် ဧပြီ (၂၄)တွင် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ)အဖွဲ့သည် နယ်ခြား စောင့်တပ်အဖြစ် အသွင်ပြောင်းမည်ကို တရားဝင်အသိပေး ကြေညာတော့မည်ဖြစ် သောကြောင့် တပ်ဖွဲ့ဝင်များ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



အတွင်း လက်ခံသူနှင့် လက်မခံသူတို့အကြား သွေးထွက်သံယိုမှုများ ဖြစ်ပွားနိုင်သည်ဟု အဖွဲ့ခေါင်းဆောင်တဦးက ပြောသည်။ (NEJ 230410)

- နေပြည်တော် စစ်ဌာနချုပ်နယ်မြေနှင့် ဆက်စပ်နယ်မြေအတွင်း ပြီးခဲ့သည့် ဧပြီ ၁၇ ရက်နေ့ကစတင်၍ လုံခြုံရေး တိုးမြှင့်ထားပြီး စစ်တပ်အဆင့်မြင့် အရာရှိကြီးများ၏ နေပြည်တော်သို့ လာရောက်သည့် ခရီးစဉ်များကန့်သတ်ထား ကြောင်း နေပြည်တော် စစ်ဌာနချုပ်မှလာသော သတင်းများကဆိုသည်။ (Irrawaddy 230410)
- လွန်ခဲ့သော ၂ ရက်အတွင်း မွန်ပြည်သစ်ပါတီ ဗဟိုဌာနချုပ်တွင် အရေးပေါ် အစည်းအဝေးခေါ်ယူကာ စစ်အစိုးရက ပြည်သူ့စစ်ဖွဲ့ရန် ဖိအားပေးတောင်းဆိုမှုကို မွန်ပြည်သစ်ပါတီ (NMSP)က လက်မခံနိုင် ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်ဟု မွန်ပြည်သစ်ပါတီပြောခွင့်ရပုဂ္ဂိုလ် နိုင်ချေးမွန်က ပြောသည်။ (Irrawaddy/ Mizzima /DVB 230410)
- ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသကို နာဂစ်ဆိုင်ကလုန်း ဝင်ရောက်ဖျက်ဆီးခဲ့သည်မှာ ၂ နှစ် ပြည့်တော့မည် ဖြစ်သော် လည်း ထောင်ပေါင်းများစွာသော ဒေသခံများသည် သောက်သုံးရေ ရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရသည်ဟု ရန်ကုန်မှ ကုလသမဂ္ဂအရာရှိတဦးက ပြောသည်။ (Irrawaddy 230410)
- ရန်ကုန်တွင် သင်္ကြန်တွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လုံခြုံရေးများ တင်းကျပ်လျက်ရှိနေသည့် ကြားမှနေ၍ ကြီး အရေးပေါ်ဌာနရှေ့တွင် ယနေ့ နံနက်က မသင်္ကာဖွယ်ရာ ကတ်ထူစက္ကူပုံးတပုံး လာရောက်ပစ်ထားသည်ကို ဆေးရုံဝန်ထမ်းများ တွေ့ရှိပြီး ဗုံးဟုအထင်ရှိသဖြင့် ရုတ်ရုတ်သည်းသည်းဖြစ် သွားခဲ့ရသည်။ (Irrawaddy 230410)
- ပါတီသက်တမ်းကုန်ကာလအတွက် ကြိုတင်ပြင်ဆင်သောအနေဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်လူငယ်ခေါင်း ဆောင်များက မြို့နယ် ၆၀ တွင် ကွင်းဆင်းရှင်းလင်းမှုများ ပြုလုပ်နေသည်။ (Mizzima 230410)
- တောခိုလက်နက်ကိုင် အဖွဲ့ဟောင်း ပလောင်အမျိုးသားပါတီက နိုင်ငံရေးပါတီ ထူထောင်ခွင့် လျှောက် ထားလိုက်ရာ မှတ်ပုံတင်ခွင့်လျှောက်သော တိုင်းရင်းသားအခြေပြုပါတီ ၉ ဖွဲ့ ရှိသွားပြီဖြစ်သည်။ (Mizzima 230410)
- ပညာတော်သင် မြန်မာအစိုးရဝန်ထမ်းများက နယူးဇီလန်ရောက် ဒီမိုကရေစီလိုလားသော မြန်မာအသိုင်း အဝိုင်းကို စုံစမ်းထောက်လှမ်းမှာ စိုးရိမ်ကြောင်း လွှတ်တော်အမတ် မစ္စမာယန်စထရီက ယနေ့ပြောဆို လိုက်သည်။ (Mizzima 230410)
- လွှတ်တော်အတွင်း နေရာတနေရာ ရရှိလျှင်ပင် ပြည်နယ်အကျိုးရှိမည်ဟု ယုံကြည်သဖြင့် ရွေးကောက်ပွဲ ဝင်ခြင်းဖြစ် ကြောင်း ရှမ်းပြည်နယ်မှ ပါတီအသစ်တခုဖြစ်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ပြောဆိုသည်။ (Mizzima 230410)
- ပြည်ထောင်စု ဒီမိုကရေစီပါတီသာ ရွေးကောက်ပွဲဝင်ခွင့် ရမည်ဆိုပါက ပြိုင်ဘက်ပါတီမှာ လက်ရှိစစ်အစိုး ရက ထူထောင်လာမည့် ပါတီများဖြစ်လာလိမ့်မည်ဟု ပါတီဥက္ကဋ္ဌ ဦးဖြိုးမင်းသိမ်းက ဟောကိန်းထုတ်လိုက်သည်။ (Mizzima 230410)
- စစ်အစိုးရမှ လူသိရှင်ကြားမကြေညာဘဲ တိုးမြှင့်လိုက်သည့် မီတာထိန်းသိမ်းစောင့်ရှောက်ခကို ယခုလမှစ၍မပေး နိုင်တော့ကြောင်း ရန်ကုန်တိုင်း သုံးခွနှင့်ခရမ်းမြို့နယ်မှ ဒေသခံပြည်သူအချို့က အံတုလိုက်ကြသည်။ (DVB 230410)
- စစ်တွေမြို့တွင် ရပ်ကွက်ပေါင်း ၃၀ ကျော်ရှိသည့်အနက် ကုန်းတန်းရပ်ကွက်မှာ လေးလကျော်ကြာ လျှပ်စစ်မီး မရသဖြင့် အမျိုးသမီးများမှ ဆန္ဒပြခဲ့ရာ ဆန္ဒပြပြီး နောက်တစ်ရက်၌ မီးပြန်လည်ရရှိကြောင်း မြို့ခံတစ်ဦးကပြောသည်။ (DVB 230410)
- ဆွီဒင်နိုင်ငံပါလီမန်တွင် ကျင်းပသည့် မြန်မာ့အရေးဆွေးနွေးပွဲ တစ်ရပ်ပြုလုပ်ကာ မြန်မာစစ်အစိုးရ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာပြည်၏ အခြေအနေကို ပိုမိုဆိုးရွားစေမည်ဖြစ်ကြောင်း မြန်မာ့အရေးလှုပ်ရှားသူများက တင်ပြဆွေးနွေးခဲ့သည်။ (DVB 230410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- သျှမ်းပြည်အရှေ့ပိုင်း မိုင်းတုံ၊ မိုင်းဆတ်မြို့နယ်ရှိ တောင်ပိုင်း ဂ နယ်မြေသို့ လောင်စာဆီအမျိုးမျိုး တင်ပို့ရောင်းချမှုအားတာချီလိတ် နအဖအာဏာပိုင်များ ပိတ်ပင်ထားသည်ဟု တာချီလိတ်နေကုန်သည် တဦးကပြောပါသည်။ (S.H.A.N 230410)
- အပစ်ရပ်ဖွဲ့အပေါ် နအဖသတိပေးထားသည့် နောက်ဆုံးရက်ကြောင့် ဂ တပ်နှင့် တိုက်ပွဲဖြစ်လျှင် လားဟူ BGF တပ်ရင်း သစ်အားရှေ့ပြေးတပ် အဖြစ်အသုံးပြုရန်အတွက် ပြင်ဆင်မှုပြုလုပ်ခိုင်းသဖြင့် လားဟူစစ်သားများ ထွက်ပြေးမှု များပြားနေသည်။ (S.H.A.N 230410)
- မြန်မာနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ စစ်အစိုးရနှင့် ဒီမိုကရေစီအင်အားစုများအကြား အမြန်ဆုံးတွေ့ဆုံဆွေးနွေးအဖြေရှာကြရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တိုက်တွန်းမည့်စာတစ်စောင်ကို ဂျပန်လွှတ်တော်အမတ်များ ပိုင်းဂန်းလက်မှတ်ရေးထွန်းပြီး ယခုလ ၃ဂ ရက်နေ့တွင် ပေးပို့သွားမည် ဖြစ်သည်။ (RFA 230410)
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးနှင့်ပတ်သက်၍ မြန်မာစစ်အစိုးရနှင့် ကချင်လွတ်လပ်ရေးအဖွဲ့အကြား ဆက်ဆံရေးတင်းမာနေချိန် ဖားကန့်ဆိုင်တောင်း ကျောက်စိမ်းတွင်းဒေသရှိ KIO အုပ်ချုပ်ရေးရုံးကို ဒေသခံ အာဏာပိုင်များက ဝင်ရောက်ရှာဖွေ စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ (RFA 230410)
- မြန်မာစစ်အစိုးရသည် သတင်းလွတ်လပ်ခွင့်နှင့် ပြည်သူများ၏ဆန္ဒများ လွတ်လပ်စွာ ထုတ်ဖော်ခွင့် မပေးဘဲ ရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်သဖြင့် ၎င်းလုပ်ရပ်သည် ဒီမိုကရေစီပေါ်ထွန်းရေး လုပ်ငန်းစဉ် မဖြစ်နိုင်ဘဲ ဒီမိုကရေစီ အနှစ်သာရကို ပျက်ပြားစေသည့် လုပ်ရပ်သာဖြစ်ကြောင်း အာရှလူ့အခွင့်အရေး ကော်မရှင် AHRC က ပြောဆိုလိုက်သည်။ (RFA 230410)
- မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ဒရယ်ကျေးရွာ ပင်လယ်ကမ်းစပ်အနီးရှိ လယ်ယာမြေများကို လယ်သမားများ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုပြင်ရာတွင် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ပျက်ကွက်မှုကြောင့် အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ (IMNA 230410)
- လက်ရှိမြန်မာအစိုးရမှ မွန်ပြည်သစ်ပါတီကို ပြည်သူ့စစ်ပုံစံ အသွင်ပြောင်းဖွဲ့စည်းခိုင်းသည့်အပေါ် ပါတီမှ လုံးဝ လက်မခံကြောင်း ယနေ့ပါတီသတင်းစာရှင်းလင်းပွဲမှာ တရားဝင်ပြောကြားသည်။ (IMNA 230410)
- နမ့်ဆန်မြို့နယ် ငွန်ဆိုင်ကျေးရွာအခြေစိုက် ပြည်သူ့စစ်ခေါင်းဆောင် ထွန်းမြတ်လေးဦးဆောင်သော ပြည်သူ့စစ်အဖွဲ့ သည် နမ့်ဆန်မြို့အရှေ့ဘက် ပလောင်ကျေးရွာများမှ ကျေးရွာဥက္ကဌကို ဖန္ဒဂါရီလအတွင်း လူဝင်လူထွက်စာရင်းအား အကြောင်းပြချက်မရှိလဲ ကောက်ခံခိုင်းနေသည်။ (Palaungland 230410)

ဧပြီလ (၂၄) ရက်

- ဂံသာန NLD(ပြည်ထောင်စု မြန်မာနိုင်ငံ)၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၊ တအောင်း(ပလောင်) အမျိုးသား ပါတီတို့ကို နိုင်ငံရေးပါတီအဖြစ် ရွေးကောက်ပွဲ ကော်မရှင်က ယမန်နေ့က ခွင့်ပြုလိုက်သည်။ (Irrawaddy 240410)
- မြန်မာ့ရိုးရာ ကစားစရာ စက္ကူအရုပ်ကလေးများကို မြန်မာကလေးငယ်များ စိတ်ဝင်စားမှု နည်းပါးလာ သော်လည်း နိုင်ငံခြားတိုင်းပြည်များမှ ဈေးကွက်တင် ရောင်းချရန်နှင့် ၎င်းတို့၏ ကာတွန်း ဇာတ်ကောင် များကို စက္ကူရုပ်များအဖြစ် ပြန်လည်ဖန်တီးရန် စိတ်ဝင်တစား ဝယ်ယူလာကြသည်ဟု ဆိုသည်။ (Irrawaddy 240410)
- တောင်ပိုင်းဂပြည်သူများ တိုက်ပွဲသတင်းနှင့်ပတ်သက်၍ စိုးရိမ်ထိပ်လန့် ရှောင်တိမ်းနေချိန်တွင် ဂတပ်ဖွဲ့ အား သျှမ်းပြည်တပ်မတော်တပ်ဖွဲ့ဟုဆိုကာ နအဖဘက်မှ ယခုလ ၂၃ ရက်နှင့် ၂၄ ရက်နေ့တို့တွင် တိုက်ပွဲနှစ်ကြိမ် စတင်တိုက်ခိုက်ခဲ့သည်။ (S.H.A.N 240410)
- စစ်အစိုးရက ထုတ်ပြန်ထားတဲ့ ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းတွေအပေါ် ဝေဖန်ပြောဆိုမှုများရှိနေ သောကြောင့် ၎င်းကိစ္စရပ်များ နအဖနှင့် ဆွေးနွေးနိုင်ရန်အတွက် ဥရောပသမဂ္ဂစားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ရန် စီစဉ်နေသည်။ (VOA 240410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်တိုင်း တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာက လယ်သမား ၂ဂ ကျော်သည် အာဏာပိုင်များက လယ်သိမ်းယူမှု ခံခဲ့ရပြီးနောက် ပိုင်နက်ကျူးလွန်မှုဖြင့် အမှုရင်ဆိုင်နေရရာမှ တရားလိုနှင့်တရားခံ အားလုံးကို စစ်ဆေးပြီးသွားပြီဖြစ်သော်လည်း အမိန့်ချမှတ်ခြင်းမရှိဘဲ ရုံးချိန်းမှုများသာ ပေးနေရသဖြင့် လယ်သမားများ စိုက်ပျိုးလုပ်ကိုင်ရန်အတွက် အခက်ကြုံနေရသည်။ (RFA 240410)
- မန္တလေးအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ကိုလှမျိုးနောင်၏ မျက်စိ ဝေဒနာ ပိုမိုဆိုးရွားလာနေပြီး လုံလောက်သည့် ကုသမှုများ လိုအပ်နေသဖြင့် အထက်အာဏာပိုင်များသို့ တင်ပြမည်ဟု မိသားစုဝင်တစ်ဦးက ပြောသည်။ (RFA 240410)
- မလေးရှားနိုင်ငံ နေဂရီဆဲန်ဘီလန်းပြည်နယ် ဆရမ်ဘန်းမြို့တွင် ဧပြီလ ၂၁ ရက်မှ ၂၃ ရက်နေ့အထိ အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ နီးနှောဖလှယ်ပွဲတစ်ရပ်ကို မလေးရှား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)က ဦးဆောင်ကျင်းပခဲ့သည်။ (RFA 240410)
- ကမ္ဘာ့တည်ငြိမ်ရေးကို အထောက်အကူမပေးသည့် မြန်မာနိုင်ငံနှင့် ဆူဒန်နိုင်ငံကဲ့သို့ အာဏာရှင် အစိုးရများနှင့် ဆက်ဆံမှုအား အဆုံးသတ်ရန် ဩစတြေးလျဝန်ကြီးချုပ် Kevin Rudd က တရုတ်အစိုးရကို ယမန်နေ့က တိုက်တွန်းပြောကြားလိုက်သည်။ (RFA 240410)
- မြန်မာ- ဘင်္ဂလာဒေ့ရှ် နယ်စပ်တလျှောက်တွင် မြန်မာဘက်က ကာရံနေသော ခြံစည်းရိုးမှာ နှစ်နိုင်ငံအကျိုးအတွက်သာဖြစ်ကြောင်း မြန်မာဘက်က လွန်ခဲ့သော သောကြာနေ့က တရားဝင်ရှင်းလင်း တင်ပြခဲ့သည်။ (Narinjara 240410)
- ဘင်္ဂလားမြန်မာ နယ်စပ်တလျှောက် ခြံစည်းရိုးကာရံနေသည့် မြန်မာစစ်တပ် စခန်းများမှ ဖမ်းဆီးရမိသည့် ပြည်တံဆာ အမျိုးသမီး ၁၈ ဦးကို မောင်တောမြို့နယ် တရားရုံးတွင် သောကြာနေ့က ရုံးတင် စစ်ဆေးခဲ့ကြောင်း မျက်မြင်တဦးက ပြောသည်။ (Narinjara 240410)
- မွန်ပြည်သစ်ပါတီ လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့အားလုံးနှင့် အုပ်ချုပ်ရေးဌာန အသီးသီးတို့အား ယမန်နေ့နံနက်ပိုင်းမှစ၍ အမြင့်ဆုံးတပ်လှန့်ထားကြောင်း မွန်ပြည်သစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ နိုင်ခြေးမွန်ကပြောသည်။ (Kaowao 240410)

## ဧပြီလ (၂၅) ရက်

- လက်ရှိ ထိုင်းနိုင်ငံရဲ့ နိုင်ငံရေးပြဿနာကိုကြည့်၍ စစ်တပ်ကရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်နေတာကြောင့် ရေရှည်မှာ ပြဿနာတွေ မပြေလည်နိုင်ကြောင်း နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်း ခံထားရသည့် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (VOA 250410)
- စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ တရားဝင်မှတ်ပုံတင်ရန် ဥပဒေထုတ်ပြန် ခဲ့ပြီး မှတ်ပုံတင်လျှောက်ထားခွင့် အဆင့်ထိသာရှိနေသော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ(တစည)နှင့် ခေတ်သစ် ပြည်သူ့ပါတီက ရောဂတီတိုင်းအတွင်း စည်းရုံးရေးလုပ်ငန်းများ စတင် ဆောင်ရွက်နေပြီဖြစ်သည်။ (RFA 250410)
- ရှမ်းပြည်တပ်မတော် SSA မြောက်ပိုင်းအဖွဲ့ ဥက္ကဌ ဦးလွယ်မောင်းဦးဆောင်သည့် CEC အဖွဲ့ဝင် ၁ဂ ဦးခန့်သည် ဧပြီလ ၂၂ ရက်နေ့က လားရှိုးအရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို သွားရောက်ကာ နအဖ အစိုးရဖိအားပေးတိုက်တွန်းနေသည့် ပြည်သူ့စစ်အသွင်ပြောင်းရေးကို လက်ခံလိုက်ကြောင်း ရှမ်းသတင်း ရပ်ကွက်မှဆိုသည်။ (RFA 250410)
- မန္တလေးတိုင်း တံတားဦးမြို့မှ လူမှုရေးလုပ်ငန်းများလုပ်ကိုင်နေသည့် NLD လူငယ် ကိုသန်းဇော်အောင် ကို ရာအိမ်မှူး ဦးသိန်းဟာက ဧပြီလ ၂၃ ရက်နေ့က စာဖြင့်ဆင့်ခေါ်ပြီး ရပ်ကွက်လူမှုရေးလုပ်ငန်းများ တွင် မပါဝင်ရန် ခြိမ်းခြောက်ခဲ့သကဲ့သို့ NLD အဖွဲ့ဝင်အဖြစ်လည်း အတင်းအကြပ် နုတ်ထွက်ခိုင်း နေကြောင်း ကံယကံရှင်က ပြောသည်။ (RFA 250410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်မြို့ လှည်းတန်း ဘူတာအနီးရှိ တိုက်ခန်းတခုထဲနေ လူငယ် ၇ ဦးကို နိုင်ငံရေး လှုပ်ရှားသည်ဟု သံသယဖြင့် ရဲက ဖမ်းဆီးသွားသလို နောက်ထပ် ဖမ်းဆီးမှုများလုပ်ရန် ရှာဖွေနေသေးသည်ဟု အိမ်နီးချင်းများ အပြောအရ သိရသည်။ (Mizzima 250410)

## ဧပြီလ (၂၆) ရက်

- နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းမည့်ကိစ္စကို လက်မခံသည့် စောဒွေးမောင် ဦးဆောင်သည့် ကရင်ငြိမ်းချမ်းရေးကောင်စီအဖွဲ့၏ စီးပွားရေးလုပ်ငန်းများကို နအဖက စတင်ကန့်သတ် ပိတ်ပင်လိုက် သည်ဟု အဖွဲ့ဝင်တဦးက ပြောသည်။ (NEJ 260410)
- ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီက ပါတီရန်ပုံငွေအဖြစ် ဗဟို အဆင့်တဦး ကျပ် (၁)သိန်းမှ အဖွဲ့ဝင်ကြေးတဦး ကျပ် (၅ဂဂ)အထိ အသီးသီး သတ်မှတ်ကောက်ခံ နေပြီဖြစ်သည်။ (NEJ 260410)
- သင်္ကြန်အပြီးနောက်ပိုင်းတွင် ဗုံးကွဲသည်၊ ဗုံးကွဲမည်၊ ဗုံးတွေ့သည်ဟူသော သတင်းများ မကြာခဏ ဖြစ်ပေါ်နေ၍ လူစည်ကားရာ နေရာများသို့ မသွားရဲကြဘဲ ကျီးလန့်စာစား ဖြစ်နေကြကြောင်း ရန်ကုန် မြို့ခံများက ပြောကြသည်။ (NEJ 260410)
- ထိုင်းနိုင်ငံ ရနောင်းမြို့ ထိုင်းပင်လယ်ပြင် ရေပိုင်နက်အတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက် လာသည့် မြန်မာ (၃၆)ဦးကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး နေရပ်ပြန်ပို့ရန် ပြင်ဆင်နေသည်။ (NEJ 260410)
- ဧပြီလနှင့် မေလသည် ဘင်္ဂလား ပင်လယ်အော်၏ မုန်တိုင်းရာသီ ဖြစ်သောကြောင့် မိုးလေဝသ သတင်းများကို မြန်မာ့ကမ်းရိုးတန်းရှိ ဒေသခံများ အလေးထားကြရန် မိုးလေဝသပညာရှင်တို့က တိုက်တွန်းလိုက်သည်။ (Irrawaddy 260410)
- နိုင်ငံတကာရောက် မြန်မာတို့အများဆုံး အဆိုတင်သွင်းကြသည့် လူမှုရေးလုပ်ငန်း လုပ်ဆောင်သူ ၅ ဦးကို အင်တာနက်မှတဆင့် ရွေးချယ်ရာတွင် ဦးကျော်သူက မဲအများဆုံး ရရှိခဲ့ကြောင်း စနေနေ့က အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့တွင် ပြုလုပ်သည့်ဆုပေးပွဲအခမ်းအနားတွင် ဆုရွေးချယ်ရေးအဖွဲ့က ကြေညာလိုက်သည်။ (Irrawaddy 260410)
- ရန်ပုံငွေလိုအပ်နေသဖြင့် စစ်အစိုးရက ငွေကူညီလျှင် လက်ခံသွားမည်ဟု ၂၀၁၀ ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေသည့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ (Diversity and Peace Party - DPP) ဒုဥက္ကဌ ဦးတင်မောင်အေးက ပြောသည်။ (Mizzima 260410)
- တန်ဖိုးငွေ ကျပ်သိန်း ၂၀ ခန့်ရှိ စိတ်ကြွဆေးပြား ၁,၀၀၀ နှင့်အတူ မြန်မာနိုင်ငံသားတဦးအား ဘင်္ဂလား ဒေ့ရှ်နိုင်ငံ တက္ကနာမြို့နယ်၌ နယ်ခြားစောင့်တပ် BDR က ယခုလ ၂၄ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ (NEJ 260410)
- လက်နက်ကိုင်အပစ်ရပ်အဖွဲ့များနှင့် ပိုမိုနီးကပ်စွာ လက်တွဲပြီး စစ်အစိုးရအား စစ်မျက်နှာအနှံ့ဖြန့်၍ တိုက်ပွဲများ ဆင်နွှဲသွားမည်ဟု အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု-မဒတ အထွေထွေအတွင်းရေးမှူး မိုင်းဘုန်းကျော်က ပြောသည်။ (Mizzima/ DVB 260410)
- အပူချိန်တိုးမြင့်နေမှုကြောင့် ရန်ကုန်မြို့ရှိ လေအေးပေးစက် အရောင်းဆိုင်များမှာ ယခင်နှစ်ကထက်စာလျှင် တဆခွဲခန့် ရောင်းအားတက်လာသည်ဟု ကျောက်တံတားမြို့နယ် ၃၉ လမ်းပေါ်ရှိ လေအေးစက် အရောင်းဆိုင်ပိုင်ရှင်တဦးကပြောသည်။ (Mizzima 260410)
- ကြိုတင်ကြေညာခြင်းမရှိဘဲ မြန်မာနှစ်ဆန်းတရက်နေ့မှစ၍ ရန်ကုန်-ပုသိမ် လမ်းပိုင်းတွင် လမ်းကြေး၊ တံတားကြေး ကောက်ခံမှုများ နှစ်ဆကျော်တိုးမြှင့်မှုကို အေးရှားဝေါ်လ် ကုမ္ပဏီက ပြုလုပ်လိုက်သည်။ (Mizzima 260410)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လာမည့်လ ၇ ရက်နေ့မှ စတင်၍ နိုင်ငံရေးလုပ်ငန်းများ ရပ်ဆိုင်းကာ လူမှုရေး လုပ်ငန်းများ လုပ်ဆောင်သွားမည်ဟု ပါတီပြောရေးဆိုခွင့်ရှိသူက ပြောသည်။ (Mizzima 260410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာစစ်အစိုးရကို စီးပွားရေးအရ ဆက်လက်ပိတ်ဆို့ အရေးယူမှုများ ပြုလုပ်သွားမည်ဟု ယနေ့ကျင်းပသည့် ဥရောပသမဂ္ဂ EU နိုင်ငံခြားရေးရာကောင်စီ အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။ (DVB 260410)
- စစ်ကိုင်းတိုင်း ကလေးမြို့ လေယာဉ်ကွင်း တိုးချဲ့ရေးစီမံကိန်းအတွက် လေယာဉ်ကွင်းအနီးအနားရှိ အိမ်ခြေ ၁၅၀ကျော်ကို ပြောင်းရွှေ့နေရာချထားရန် ကလေးမြို့ တာဟန်းရပ်ကွက် တောင်ဖီလာရွာက လယ်မြေ ၃၅.၃၇ ဧကကို အာဏာပိုင်များက သိမ်းယူရန် ပြင်ဆင်နေသည်။ (DVB 260410)
- မြန်မာအစိုးရက ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲသည် ဒီမိုကရေစီအပြောင်းအလဲအတွက် အခွင့် အလမ်းလား၊ စိန်ခေါ်မှုလားဟူသည့် ခေါင်းစဉ်ဖြင့် နော်ဝေနိုင်ငံရောက် မြန်မာ့အရေးလှုပ်ရှားသူများက ယနေ့ ဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။ (DVB 260410)
- ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် စစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအချက်အလက်များကို သိရှိနားလည်အောင် ကြိုးစားသင့် ကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကပြောကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ (RFA 260410)
- မြန်မာလုပ်ပွဲစားများသည် အာရှနိုင်ငံများတင်သာမက ဥရောပအလယ်ပိုင်း သြစတြေးယားနိုင်ငံအထိ အကျိုးဆောင်ခ တနင့်တပိုးယူကာ မြန်မာနိုင်ငံမှလူများကို ပို့ဆောင်နေသည်။ (RFA 260410)
- စစ်အစိုးရနှင့် အနီးကပ်ဆက်ဆံရေး ချမှတ်ထားသည့် အမေရိကန်သမ္မတ အိုဘားမားအစိုးရ၏ မူဝါဒသည် ထိရောက်မှုမရှိကြောင်း အင်ဒီယားနားပြည်နယ်ရှိ မြန်မာအများစုက သုံးသပ်ကြောင်း အမေရိကန် နိုင်ငံခြားဆက်ဆံရေးကော်မတီ ကိုယ်စားလှယ် Mr. Keith Luse က ပြောသည်။ (RFA 260410)
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်ခရိုင် ကြူကုတ်-ပန်ဆိုင်းမြို့နယ်နှင့် တရုတ်ဘက်ခြမ်း ဝမ်းတိန်မြို့သို့ ညအချိန်သွားလာသူများထံမှ မြန်မာစစ်တပ်က တစ်ဦးလျှင် တရုတ်ယွမ်ငွေ ၃၀၀ အထိ တောင်းယူနေကြောင်း ဒေသခံများက ပြောသည်။ (S.H.A.N 260410)
- စဂ်ယွက်စစ်ဦးဆောင်သည့် သျှမ်းပြည်တပ်မတော် ကျိုင်းတုံစစ်ဒေသနှင့် တြိဂံတိုင်းလက်အောက်ခံ စကခ ၁၈ နှင့် စကခ ၁၄ တို့အကြား ယခုလအတွင်း တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ နအဖဘက်က ကျဆုံးသူနှင့် ဒဏ်ရာရရှိသူ အများအပြားရှိသကဲ့သို့ မိမိတို့ဘက်မှလည်း တစ်ဦးကျဆုံးကြောင်း SSA အရာရှိတဦးက ပြောသည်။ (S.H.A.N 260410)
- ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်အတွင်းရှိ ဖလူးကျေးရွာအနီးတွင် နအဖ အမှတ်(၉) စစ်ကွပ်ကဲရေး ဌာနချုပ်လက်အောက်ခံ ခလရ(၁၀၆)တပ်ဖွဲ့က ကျေးရွာသားများအား သေနတ်ဖြင့်လာရောက် ခြိမ်းခြောက်မှုများ ပြုလုပ်သည့်အတွက် ဒီကေဘီအေနှင့် နအဖတပ်များ ပစ်ခတ်မှုဖြစ်လုနီးပါး တင်းမာ သွားခဲ့သည်ဟု တပ်မဟာ(၅)မှူး ဗိုလ်မှူးကြီး စောလားပွယ်(နှုတ်ခမ်းမွေး)က ပြောသည်။ (KIC 260410)
- မွန်ပြည်သစ်ပါတီနှင့် စစ်အစိုးရတို့၏ စစ်ရေးပဋိပက္ခဖြစ်ပေါ်နိုင်သည့် အရိပ်အယောင်များ မြင်တွေ့နေရသည့်အတွက် မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေအတွင်းမှ ရွာသားများအိုးအိမ်စွန့်ကာ စစ်ဘေးမှ လွတ်ကင်းနိုင်မည့် ထိုင်း-မြန်မာနယ်စပ် ခလောက်ခနီမွန်ဒုက္ခသည်စခန်းသို့ ရောင်တိမ်းနေကြသည်။ (IMNA 260410)
- မြန်မာစစ်အစိုးမှ မွန်ပြည်သစ်ပါတီကို ပြည်သူ့စစ်အသွင်ပြောင်းရန် ကမ်းလှမ်းထားချက်ကို ပါတီမှ လက်မခံကြောင်း အကြောင်းပြန်ထားပြီးနောက် လက်ရှိတင်းမာနေသည့် အနေအထားမှ မွန်ပြည်သစ် ပါတီလက်အောက်ရှိ တပ်ရင်းများက စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု နီးစပ်သူတစ်ဦးက ပြောသည်။ (IMNA 260410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဧပြီလ (၂၇) ရက်

- နေပြည်တော် တာဝန်ကျဌာနဆိုင်ရာ ဝန်ထမ်းအားလုံးနီးပါးခန့်သည် ရရှိလစာငွေနှင့် မိသားစုစရိတ် လောက်ငမှုမရှိသည့် စားဝတ်နေရေးပြဿနာနှင့် ရင်ဆိုင်နေကြရကြောင်း နေပြည်တော်မှဝန်ထမ်းများကပြောသည်။ (NEJ 270410)
- မကြာသေးမီက အသစ်ပြောင်းရွှေ့လာသည့် ရန်ကုန်တိုင်း ရဲမှူးကြီးအားပေးရန်အတွက် ရဲအုပ်တဦးက ဦးဆောင်ကာ ရန်ကုန်တိုင်းအတွင်းရှိ အနှိပ်ခန်းနှင့် လောင်းကစားဒိုင်များထံမှ ဆက်ကြေးငွေကောက် နေသည်ဟု ရဲတပ်ဖွဲ့နှင့် နီးစပ်သူတဦးက ပြောသည်။ (NEJ 270410)
- စစ်ကိုင်းတိုင်းအတွင်း စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံကြံ့ဖွံ့များပူပေါင်းပြီး အခမဲ့မျက်စိကုသ ပေးရေး အကူအညီများပေးပြီး ကြံ့ဖွံ့အသင်းဝင်အဖြစ် စုဆောင်းနေကြောင်း စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ကျေးရွာဒေသခံတဦးကပြောသည်။ (NEJ 270410)
- ရတနာ သဘာဝဓာတ်ငွေ့တူးဖော်ရေးတွင် မြန်မာစစ်အစိုးရနှင့် ပူးပေါင်းလုပ်ကိုင်နေသော နိုင်ငံခြား ကုမ္ပဏီများ၏ ငွေပေးချေမှု ဘဏ္ဍာရေးဆိုင်ရာများကို လူသိရှင်ကြား ထုတ်ဖော်ကြေညာပေးရန် Earth Right International (ERI) အဖွဲ့က ယနေ့ တောင်းဆိုလိုက်သည်။ (Irrawaddy 270410)
- ရန်ကုန်မြို့ ကန်တော်ကြီးရှိ X20 မဏ္ဍပ် ဗုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိခဲ့သည့် အမှတ် ၄ စစ်ဒေသမှူး ဗိုလ်မှူးကြီး အုန်းချိုသည် စင်္ကာပူနိုင်ငံသို့ သွားရောက်ဆေးကုသနေရကြောင်း မိသားစုနှင့်နီးစပ်သူ တဦးကပြောသည်။ (Irrawaddy 270410)
- နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်၌ ယမန်နေ့က ကျင်းပသည့် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၉ ပါးသီလကိုခံယူ ဆောက်တည်ခြင်းသည် အဓိကအားဖြင့် ယတြာချေခြင်းဖြစ်ကြောင်း သံဃာတော်များကဆိုသည်။ (Irrawaddy 270410)
- စစ်အစိုးရ ကျောထောက် နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ကြံ့ဖွံ့) ကို လာမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ယခုလ ၂၃ ရက်နေ့က နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းလိုက်ပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို ပါတီဥက္ကဋ္ဌအဖြစ် ခန့်အပ်ကြောင်း ကြံ့ဖွံ့နှင့်နီးစပ်သူတဦးက ပြောသည်။ (Irrawaddy 270410)
- ပခုက္ကူမြို့တွင် ယမန်နေ့က လေပြင်းတိုက်ခိုက်မှုကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှု ရှိခဲ့သလို လူအသေ အပျောက်ရှိခဲ့သည်ဟု ဒေသခံများက ပြောသည်။ (Mizzima 270410)
- ဘိန်းအစားထိုးသီးနှံစီမံကိန်း အောင်မြင်မှုမရသော ဝ နယ်မြေတွင် ပြည်ပဈေးကွက်ကို အားထားသော သီးနှံများ စိုက်ပျိုးရန်လိုသည်ဟု ရွေးကောက်ပွဲဝင်ရန် မှတ်ပုံတင်မည့် ဝ အမျိုးသား စည်းလုံးညီညွတ် ရေးပါတီ နာယက ဦးဖီးလစ်ဆမ်ကပြောသည်။ (Mizzima 270410)
- ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ စာပေစိစစ်ရေးဌာန အကြီးအကဲ ညွှန်ကြားရေးမှူး ဗိုလ်မှူးတင့်ဆွေကို ရာထူးတိုးမြှင့်ကာ အခြားသောဌာနသို့ ပြောင်းရွှေ့ပေးတော့မှာ ဖြစ်သည်။ (Mizzima 270410)
- ရန်ကုန်တိုင်းအခြေစိုက် လယ်သမားကူညီရေး အဖွဲ့ဖြစ်သည့် စာခြောက်ရုပ်အဖွဲ့ခေါင်းဆောင် ဦးသန်း ဆွေကို ယမန်နစ်က ကြံ့ဖွံ့ထံမှ မြေသြဇာကို အကြွေးဖြင့်ယူပြီး အကြွေးပြန်မပေးသဖြင့် အာဏာပိုင်များ က ခရမ်းတရားရုံးတွင် တရားစွဲဆိုလိုက်သည်။ (DVB 270410)
- ပေါ်ခါစပါးတင်း ၁၀၀ ကို ခြောက်သိန်းခန့် ဈေးပေါက်ခဲ့သော်လည်း ယခုအချိန်တွင် လေးသိန်းသာ ဈေးရှိတော့သည်။ (DVB 270410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့၌ ဖွင့်လှစ်ထားသည့် ဒေါက်တာစင်သီယာမောင်၏ မယ်တော် ဆေးခန်းတွင် ပြည်တွင်းမှ နှစ်စဉ် ငှက်ဖျားဝေဒနာရှင် ၆,၀၀၀ ခန့် လာရောက်ကုသမှုခံယူပြီး အများစုသည် နယ်စပ်ဒေသမှဖြစ်ကြောင်း ဒေါက်တာစင်သီယာမောင်က ပြောသည်။ (DVB 270410)
- ပဲခူးတိုင်း ထန်းတပင်မြို့နယ် သောက်ရေခန်း ရေအားလျှပ်စစ် စီမံကိန်းအနီး နအဖ တပ်များနှင့် KNU တပ်များ ယနေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ ရေအားလျှပ်စစ်စီမံကိန်းကို လက်နက်ကြီးကျသဖြင့် စီမံကိန်းလုပ်သားအချို့ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (DVB 270410)
- ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖုံးဖောက်ခွဲမှုများနှင့် ကျေးရွာအာဏာပိုင်များမှ လည်း ငွေကြေးကောက်ခံ လာဘ်စားမှုများ များပြားနေကြောင်း ဒေသခံရွာသာတဦးက ပြောသည်။ (Yoma3 270410)
- ဧပြီ ၂၂ ရက်နောက်ဆုံးထား အမည်စာရင်းပေးပို့၍ ၂၈ ရက် မနက်ဖြန်အပြီး အသွင်ပြောင်းရမည် ဆိုသည့် နအဖ၏ ဖိအားကြောင့် ဗဟိုကော်မတီအဖွဲ့ရုံးစိုက်ရာ မြောက်ပိုင်းအပစ်ရပ် SSA ဌာချုပ်အား အခမ်းအနားဖြင့် စိန်ကျော့ ဌာနေပြည်သူ့စစ်အဖြစ် ယခုလ ၂၅ ရက်နေ့က အသွင်ပြောင်းပေး လိုက်ကြောင်း ၎င်းဌာနချုပ်နေ ပြည်သူတစ်ဦးက ပြောသည်။ (S.H.A.N 270410)
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စနှင့်ပတ်သက်၍ ဧပြီလ ၂၂ ရက်နေ့က နှစ်ဘက်တွေ့ဆုံ ဆွေးနွေးမှုသည် နောက်ဆုံးအကြိမ်ဖြစ်ကြောင်း ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို)ကို မြောက် ပိုင်းတိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းက ပြောကြားလိုက်သည်။ (S.H.A.N/ RFA 270410)
- သျှမ်းပြည်(မြောက်ပိုင်း) နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံတွင် မိခင်နှင့် မွေးကင်းစ ကလေးငယ် နှစ်ဦးစလုံး သေဆုံးရမှု အပေါ် သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ အာဏာပိုင်များက လားရှိုး၊ မူစယ်နှင့် နမ့်ခမ်း ရဲသတင်းအထူးတပ်ဖွဲ့မှ ၄ ဦးခန့်ပါဝင်သည့် အာဏာပိုင်အဖွဲ့က သေဆုံးသူ၏ ခင်ပွန်းစိုင်းအိုက်ဝင်း အပါအဝင် အောင်မေတ္တာ ရယကဥက္ကဋ္ဌနှင့် ဆေးရုံဝန်ထမ်းများကို နမ့်ခမ်းဆေးရုံတွင် ဧပြီလ ၂၅ ရက် နေ့က ခေါ်ယူမေးမြန်းခဲ့ကြောင်း သေဆုံးသူ၏ မိသားစုဝင်တစ်ဦးက ပြောသည်။ (S.H.A.N 270410)
- ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အရေးကြီးသောနေရာများတွင် လုံခြုံရေး တိုးမြှင့်ရန်အတွက် ဘူးသီးတောင် အမှတ် ၁၃ လုံထိန်း တပ်ရင်းမှ တပ်သား ၁၀၀ ကျော်ကို ယမန်နေ့က စစ်တွေသို့ ပို့ဆောင်လိုက် သည်ဟု လုံထိန်းတပ်ရင်းနှင့် နီးစပ်သူတဦးက ပြောသည်။ (Narinjara 270410)
- ကရင်နီပြည် လွိုင်ကော်မြို့ (သီရိဒေါ) နာရီစင်အောက်မှ ရဲစခန်းတွင် ယနေ့နံနက် ၁၀ နာရီခွဲ အချိန်၌ ဗုံးတလုံး ပေါက်ကွဲ၍ လူတဦး သေဆုံးသွားခဲ့သည်ဟု မြို့ခံတဦးက ပြောသည်။ (Kantarawaddy Times 270410)
- ရောဂါသုံးမျိုးတိုက်ဖျက်ရေး အထောက် အပံ့ဖြင့် ဆောင်ရွက်နေသော ငှက်ဖျား တိုက်ဖျက်ရေးစီမံချက်၏ ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် စီမံချက်၏လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်မှုမှာ အလွန်အား နည်းနေသေးကြောင်း အဆိုပါစီမံချက်တာဝန်ရှိသူ ဒေါက်တာချစ်စိုးကပြောသည်။ The Myanmar Times - အတွဲအမှတ် (၂၄ ၊ အမှတ် ၄၆၂)
- တိုင်းရင်းသားနယ်မြေများတွင် စစ်အစိုးရက ထိုးစစ်ဆင်နေခြင်းနှင့် အပစ်ရပ်အဖွဲ့များကို စစ်ရေးအရ ခြိမ်းခြောက်နေမှုကို ချက်ချင်းရပ်ဆိုင်းရန် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)က တောင်းဆို လိုက်သည်။ (RFA 270410)
- နယ်ခြားစောင့်တပ်ဖွဲ့ရေးကိစ္စကို ငြင်းဆန်နေခြင်းကြောင့် အပစ်ရပ်တိုင်းရင်းသားအဖွဲ့များကို ဧပြီလ ၂၈ ရက်နေ့ နောက်ပိုင်းတွင် စစ်ရေးအရဖြေရှင်းသွားရန် အစီအစဉ်ရှိကြောင်း တရုတ်အစိုးရကို မြန်မာ စစ်ခေါင်းဆောင်များက အကြောင်းကြားထားသည်ဟု တရုတ်-မြန်မာနယ်စပ်အခြေစိုက် စစ်ရေးလေ့လာ သူ ဦးအောင်ကျော်ဇောက ပြောသည်။ (RFA 270410)
- မြန်မာစစ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အပါအဝင် ဝန်ကြီးများအဖြစ် ခန့်အပ်ထား သည့် စစ်ဗိုလ်ချုပ် ၂၂ ဦးသည် ဧပြီလ ၂၆ ရက်နေ့က စစ်တပ်ရာထူးများမှ တရားဝင် နုတ်ထွက်သွားကြပြီဟု အမည်မဖော်လိုသည့် အစိုးရအရာရှိတစ်ဦးကို ကိုးကား၍ AFP သတင်းဌာနက ဖော်ပြထားသည်။ (RFA 270410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရာသီဥတုပူပြင်းမှုကြောင့် ထိုင်း-မြန်မာနယ်စပ် ဘုရားသုံးဆူမြို့ပေါ်တွင် သောက်သုံးရေရှားပါး ပြတ်လတ် မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ရေကိုလည်း ဈေးကြီးစွာ ဝယ်ယူသုံးစွဲနေရကြောင်း ဒေသခံတို့က ပြောသည်။ (IMNA 270410)
- စစ်ရေးပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ဖွယ် ရှိသည့်သတင်းကြောင့် နေအိမ်စွန့်ခွာပြီး ခလောက်ခနီဒုက္ခ သည်စခန်းသို့ ရောက်ရှိလာကြသည့် ထွက်ပြေးတိမ်းရှောင် လာသူများအတွက် နေထိုင်ရေးနှင့် စားနပ်ရိက္ခာများ အခက်အခဲကြုံ တွေ့ဖွယ်ရှိသည်ဟု ခလောက်ခနီ မွန်ဒုက္ခသည်စခန်းမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။ (IMNA 270410)

ဧပြီလ (၂၈) ရက်

- မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း သာရှိပါက ယင်းပုဂ္ဂိုလ်သာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာမည်ဖြစ်၍ မဲဆန္ဒနယ် အားလုံးကို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ပါတီအနေဖြင့် ရွေးကောက်ပွဲတွင် အခြေအနေကောင်း နိုင်ဖွယ်ရှိသည်ဟု ရွေးကောက်ပွဲဝင် မည့်နိုင်ငံရေးသမား များက ရှုမြင်နေကြသည်။ (Eleven Media Group 280410)
- ယခုလ ၂၆ ရက်နေ့က ကွတ်ခိုင်မြို့နယ် ခလရ (၄၅) ဗျူဟာမှူး ဗိုလ်မှူးကြီးကြည်ဝင်းကို အမည်မသိလူတစ်ဦးမှ စစ်တပ်အတွင်း ဖုံးဖောက်ခွဲမှုပြုလုပ်မည်ဟု ခြိမ်းခြောက်စာတစ်စောင် ပေးပို့ခဲ့ ကြောင်း မြို့ခံတစ်ဦးကပြောသည်။ (Palaungland 280410)
- နအဖစစ်အစိုးရက ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တပ်မှနုတ်ထွက်ပြီး အရပ်သားအဖြစ် ဝန်ကြီးချုပ် ဦးသိန်းစိန်ဟု ယနေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှတဆင့် ဖော်ထုတ်ပြောကြားလိုက်သည်။ (NEJ 280410)
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် လက်မခံသည့် ကေအန်ယူ-ကေအန်အယ်လ်အေ ငြိမ်းချမ်းရေး ကောင်စီအဖွဲ့ အခြေစိုက်ရာ ကော့ကရိတ်မြို့နယ် ထော့ကိုကိုးရွာရှိ ဌာနချုပ်ကို နအဖတပ်ဖွဲ့များက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်ချေမှုန်းရန် စစ်ရေးပြင်မှုများ လုပ်ဆောင်နေသဖြင့် တပ်ဖွဲ့ဝင်များ စခန်းမှ စတင်ဆုတ်ခွာနေသည်ဟု တပ်မှူးတဦးက ပြောသည်။ (NEJ 280410)
- ရောဝတီမြစ်ဆုံ ရေကာတာစီမံကိန်း ဧရိယာအတွင်း ဗုံးများဆက်တိုက် ပေါက်ကွဲမှုနှင့် ပတ်သက်၍ မြစ်ကြီးနား အခြေစိုက် ခလရ (၂၉)၊ မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့နှင့် စစ်ဖက်ရေးရာ လုံခြုံရေးဌာန(စရဖ) တို့ ပူးပေါင်းပြီး မြစ်ကြီး နားအပါအဝင် မြစ်ကြီးနားနှင့် တန်ဖရဲကျေးရွာအကြားရှိ ကျေးရွာများမှ ဒေသခံများကို ခေါ်ယူစစ်ဆေးနေကြောင်း လုံဂါဖွပ် ကျေးရွာသားက ပြောသည်။ (NEJ 280410)
- စစ်အစိုးရ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ကျန်းမာရေး မကောင်းသည့် အတွက် စင်္ကာပူနိုင်ငံတွင် ဆေးကုသမှုခံယူနေရကြောင်း ရန်ကုန် သံတမန် အသိုင်းအဝိုင်းမှဆိုသည်။ (Irrawaddy 280410)
- ထောက်လှမ်းရေး ခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ညွှန်ကြားချက်ဖြင့် ရှာဖွေဖမ်းဆီး ရမိခဲ့သော ဆင်ဖြူတော် အမျိုးအနွယ်ဝင်ဆိုသည့် ဆင် ၃ ကောင်သည် ယခုအခါ စစ်အစိုးရ ခေါင်းဆောင်များ၏ လျစ်လျူရှုခြင်း ခံထားရပြီး ပြည်သူများ သွားရောက်ကြည့်ရှုမှု နည်းပါးသွားပြီဖြစ်ကြောင်း အစိုးရအရာရှိ အသိုင်းအဝန်းမှဆိုသည်။ (Irrawaddy 280410)
- လာမည့် ရွေးကောက်ပွဲတွင် စစ်အစိုးရနှင့် နီးစပ်သည့် နာမည်ကြီး စီးပွားရေး လုပ်ငန်းရှင်ကြီးများ ပါဝင်ယှဉ်ပြိုင် လိမ့်မည်ဟု ရန်ကုန် စီးပွားရေး လုပ်ငန်းရှင်များ အသိုင်းအဝန်းတွင် ပြောဆိုနေကြသည်။ (Irrawaddy 280410)
- နယူးယောက် အခြေစိုက် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ (HRW)က ချီးမြှင့်သည့် ယခုနှစ် အတွက် ဂုဏ်ပြုဆုရရှိသူ စာပေအနုပညာရှင်များထဲတွင် ကာတွန်းဆရာဟန်လေးလည်း တစ်ဦးအပါ အဝင်ဖြစ်သည်။ (Irrawaddy 280410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မေလ ၆ ရက်နေ့နောက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လူမှုရေးလုပ်ငန်း လုပ်ကိုင်သည့်အခါ ပါတီအမည်နှင့် အလံအားဆက်လက် သုံးစွဲပါက ကန့်ကွက်သွားမည်ဟု ပါတီခေါင်းဆောင်တဦးဖြစ်သူ ဦးခင်မောင်ဆွေက ပြောသည်။ (Mizzima 280410)
- အပစ်ရပ်အဖွဲ့များနှင့် နအဖတို့ တိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်ကြသဖြင့် တာချီလိတ်မြို့တွင် ထိုင်းနိုင်ငံမှ သွင်းကုန်များ ရပ်တန့်ထားကြောင်း ဒေသံကုန်သည်တစ်ဦးက ပြောသည်။ (DVB 280410)
- နယ်ခြားစောင့်တပ်အသွင်ရေးကိစ္စအား မိုင်းလားအဖွဲ့နှင့် ပြောဆိုဆွေးနွေးရန်အတွက် ရှမ်းပြည်အရှေ့ ပိုင်း ကျိုင်းတုံရှိ တြိဂံတိုင်းမှူးဦးဆောင်သောအဖွဲ့သည် မိုင်းလားဒေသသို့ ယနေ့နံနက်ပိုင်းက သွား ရောက်ခဲ့သည်ဟု ဒေသခံများက ပြောသည်။ (DVB 280410)
- ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းတွင်းဒေသတွင် ဒေသခံအာဏာပိုင်များက ဧည့်စာရင်းစစ်ကာ တနယ်တကျေးက လာပြီးအလုပ်လုပ်နေသည့် လူငယ်များကို ဖမ်းဆီးမှုများပြုလုပ်နေသည်။ (DVB 280410)
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအား ကချင်လွတ်မြောက်ရေးအဖွဲ့ KIO နှင့် နအဖဂန်ကြီး ဗိုလ်ချုပ် သိန်းဇော်တို့ ဆွေးနွေးရန် KIO အရာရှိများက မြစ်ကြီးနားသို့ထွက်ခွာသွားကြောင်း KIO သတင်းရပ် ကွက်မှဆိုသည်။ (RFA 280410)
- စစ်အစိုးရနှင့်အပစ်ရပ်ထားသည့် လက်နက်ကိုင်အဖွဲ့များကို နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကို စစ်အစိုးရက နောက်ဆုံးရက် သတ်မှတ်ထားမှုအား ယခုလ ၂၈ ရက်နေ့က ကုန်ဆုံးသွားပြီဖြစ်သော် လည်း အင်အားအများဆုံးဖြစ်သည့် ဂပြည်သွေးစည်းညီညွတ်ရေးတပ်မတော် အပါအဝင် တိုင်းရင်းသား အဖွဲ့အချို့က အကြောင်းပြန်မှု မရှိသေးဟုဆိုသည်။ (VOA 280410)
- နအဖ စစ်အစိုးရတို့ ကမ်းလှမ်းထားသည့် အပစ်ရပ်အဖွဲ့များ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကို တိုးတက် သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ)က နအဖအာဏာပိုင်များနှင့် ယမန်နေ့က တွေ့ဆုံစဉ် ယေဘုယျအားဖြင့် သဘောတူထားကြောင်း ဒီကေဘီအေ တပ်မဟာ (၉၉၉)မှ တပ်ရင်းမှူး တဦးကပြောသည်။ (KIC 280410)
- လက်နက်ကိုင်အပစ်ရပ်တပ်ဖွဲ့များအားလုံး အသွင်ပြောင်းရမည်ဆိုသည့် နအဖ၏ တဖက်သတ် အစီ အစဉ်ကြောင့် ပြည်တွင်းစစ် တကျော့ပြန်ဖြစ်လာနိုင်သည်ဟု လွယ်တိုင်းလျဲန်းအခြေစိုက် SSA ခေါင်းဆောင် စဝ်ယွက်စစ်က ပြောကြားလိုက်သည်။ (S.H.A.N 280410)
- နယ်ခြားစောင့်တပ် သတ်မှတ်ရက်နောက်ပိုင်း ဖြစ်ပေါ်လာနိုင်သည့် စစ်ပွဲများအတွက် ကြိုတင်ပြင်ဆင် သည့် အနေဖြင့် အထမ်းသမားခေါ်ရန်ကိစ္စကို သျှမ်းပြည်(မြောက်ပိုင်း) မူဆယ်ခရိုင် ကြူကုတ်(ပန်ဆိုင်း) မြို့နယ် မုံးပေါ်ကျေး ရွာအုပ်စု အာဏာပိုင်များအကြား ဆွေးနွေးမှုများပြုလုပ်နေသဖြင့် ဒေသခံအချို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း ဒေသခံတစ်ဦးကပြောသည်။ (S.H.A.N 280410)
- ဧပြီ ၂၈ ရက်နေ့ ဂ တပ်ဖွဲ့အား နအဖ ထိုးစစ်ဆင်တိုက်ခိုက်မည် ဆိုသည့်သတင်းကြောင့် တောင်ပိုင်း ဂ လှုပ်ရှားနယ်မြေအတွင်းရှိ ကျေးလက်လူထုထောင်ချီ ထိုင်းနယ်စပ်သို့ ဆက်လက်ထွက်ပြေးနေသည်ဟု ထိုင်းနယ်စပ်နေ စိုင်းအိုက်ကပြောသည်။ (S.H.A.N 280410)
- နအဖတပ်များနှင့် မွန်ပြည်သစ်ပါတီတပ်များအကြား တိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်နေကြသဖြင့် မွန်ပြည် သစ်ပါတီ ထိန်းချုပ်ရာ ဒေသရှိပြည်သူများက မိသားစုအလိုက် ထွက်ပြေးတိမ်းရှောင်နေကြသည်။ (Kaowao 280410)
- နအဖစစ်အစိုးရကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲအတွက် တာဝန်ယူဆောင်ရွက်ပေးမည့် ရွေးကောက်ပွဲ ကော်မီရှင်များကို သက်ဆိုင်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်ပြီး ချင်းပြည်နယ် မြို့နယ်အသီးသီးတွင် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ (Khonumthung News Group 280410)
- ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဌ ၊ ဗျူဟာမှူး ဗိုလ်မှူးချုပ် ဟုန်းငိုင်သည် ဧပြီလ ၂၁ ရက်နေ့က တိုက်ခတ်သွားသည့် လေပြင်းကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသည့် ဖလမ်းမြို့နယ်၊ ရိဒ်ခေါ်ဒါရ်မြို့ခွဲရှိ လေဘေး

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဒုက္ခသည်များအား ယခုလ ၂၇ ရက်နေ့က သွားရောက် ကြည့်ရှုခဲ့သည်ဟုဆိုသည်။ (Khonumthung News Group 280410)

## ဧပြီလ (၂၉) ရက်

- ပြည်ပအခြေစိုက် ရိုးမ ၃ သတင်းဌာန၏ အယ်ဒီတာချုပ် ဦးမောင်မောင်ငြိမ်း (ကဗျာဆရာ ငြိမ်းလူ)သည် ယနေ့နံနက် (၃) နာရီတွင် ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့၌ အသည်းနှင့်ကျောက်ကပ် ရောဂါတို့ဖြင့် ကွယ်လွန်သွားသည်။ (NEJ 290410)
- ထိန်းသိမ်းခံ ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းရွှေ ထူထောင်ခဲ့သည့်မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က လာမည့်ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီအဖြစ် ထူထောင်ရန် အသင်းအဖွဲ့ ဖွဲ့စည်းပုံကို ပြင်ဆင်ပြီးဖြစ်ကြောင်း အမျိုးသမီးရေးရာအဖွဲ့ချုပ် အမှုဆောင်တဦးကပြောသည်။ (NEJ 290410)
- ယခင်က နားလည်မှုဖြင့် ဖွင့်လှစ်ခွင့်ပြုထားသည့် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများကို နအဖ စစ်အစိုးရက တရားဝင် မှတ်ပုံတင်ခွင့် ပြုလိုက်ပြီးသည့်နောက် ဆေးကုသစရိတ် ပိုမိုများပြားလာကြောင်း ရန်ကုန်မြို့ခံများနှင့် ဆေးခန်းတည် ထောင်ထားသူများက ပြောသည်။ (NEJ 290410)
- တိုင်းရင်းသားအပစ်ရပ်အဖွဲ့များ နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် နအဖစစ်အစိုးရက နောက်ဆုံး ရက်အဖြစ် သတ်မှတ်ထားသည့် ဧပြီ (၂၈)ရက် ကျော်လွန်လာခဲ့သော်လည်း တရုတ်-မြန်မာနယ်စပ်ရှိ အပစ်ရပ်အဖွဲ့များ၏ နယ်မြေများတွင် စစ်ရေးလှုပ်ရှားမှု မတွေ့ရသေးဘဲ နအဖ၏ တုံ့ပြန်လာနိုင်မှုကိုသာ စောင့်ကြည့်နေကြသည်။ (NEJ 290410)
- စစ်အစိုးရနှင့် ၎င်း၏ မဟာမိတ်အဖွဲ့ဖြစ်သော DKBA ခေါ် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် သည် ယခုချိန်အထိ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေး အစီအစဉ်အတွက် သဘောတူနိုင်ခြင်း မရှိသေးသဖြင့် နှစ်ဘက် တင်းမာနေကြသည်။ (Irrawaddy/ DVB 290410)
- ဗုံးပေါက်ကွဲမှုများ ထပ်မံဖြစ်ပေါ် လာနိုင်သည်ဟု ယူဆ၍ အာဏာပိုင်များမှသတိပေး ကြေညာချက်များ ထုတ်ပြန်ခြင်း၊ လုံခြုံရေး တိုးမြှင့်ခြင်းများ ပြုလုပ်နေကြောင်း မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲအုပ် တဦးကပြောသည်။ (Irrawaddy 290410)
- မြန်မာနိုင်ငံတောင်ပိုင်း မြိတ်မြို့ရှိ ငါးဖမ်းစက်လှေများထံမှ မြိတ်အခြေစိုက် တနင်္သာရီ ရေတပ်စခန်း ဌာနချုပ် အရာရှိများနှင့် တပ်သားများက စက်သုံးဆီ ဒီဇယ်များကို အဓမ္မတောင်းယူ စီးပွားရှာနေ ကြောင်း ငါးဖမ်းစက်လှေ သမားများက ပြောသည်။ (Irrawaddy 290410)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ဖျက်သိမ်းခြင်းမပြုရေး တားဝရန်းထုတ်ပေးရန်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်များ ဆက်လက်ရပ်တည်ခွင့်ရှိကြောင်း ကြေညာပေးရန် တရားရုံးချုပ်သို့ အတိုက်အခံ ပါတီအမတ်များက ယနေ့ ဦးတိုက် လျှောက်ထားလိုက်ကြသည်။ (Mizzima 290410)
- လူမှုရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပါတီနာမည်မခံဘဲ မှတ်ပုံတင်ကာ တရားဝင် လုပ်ကိုင်သွား မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောသည်။ (Mizzima 290410)
- နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံရသည့် ဒီဗွီဘီသတင်းထောက် မလှလှဝင်း အမှုအယူခံ လျှောက်လဲချက်ကို ယမန်နေ့က မကွေးတိုင်းတရားရုံးက ပယ်ချလိုက်သည်။ (Mizzima 290410)
- ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပြင်းအားပမာဏ ၅ ဒသမ ၅ ရှိ ငလျင်တခု ယမန်နေ့ ညသန်းခေါင်က လှုပ်ခတ်ခဲ့ ကြောင်းအမေရိကန် ဘူမိဗေဒ လေ့လာရေးအဖွဲ့က သတင်းထုတ်ပြန်သည်။ (Mizzima 290410)
- ကမ္ဘာတဝှမ်း စာနယ်ဇင်းလွတ်လပ်မှု အဆိုးရွားဆုံး ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံသည် ဆက်လက်ပါဝင် နေပြီး စစ်အစိုးရ သည် ၂၀၀၉ ခုနှစ်အတွင်း သတင်းစာလွတ်လပ်ခွင့်ကို ပိုမိုတင်းကျပ်မှုပင် ပြုခဲ့သည်ဟု အမေရိကန်အခြေစိုက် နိုင်ငံတကာ လွတ်လပ်မှုဆိုင်ရာ အဖွဲ့ကြီးတခုက ယနေ့ ထုတ်ပြန်သည်။ (Mizzima 290410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- လူမှုဘဝနှင့် နည်းပညာပြပွဲ ၂၀၁၀ ကို ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ယမန်နေ့ကတည်းက စတင်ကျင်းပနေသော်လည်း ကုန်စည်ပြပွဲ ဖွင့်ပွဲနေ့တွင် လာရောက်ကြည့်ရှုသူ ကျိုးတို့ကျဲတဲသာရှိခဲ့ပြီး ယခုနှစ်အတွင်း ကျင်းပခဲ့သည့် ကုန်စည်ပြပွဲများနှင့် နှိုင်းယှဉ်ပါက ပရိသတ် အဆမတန် ကျဆင်းသွား ခဲ့သည်။ (Mizzima 290410)
- လွန်ခဲ့သည့် သင်္ကြန်အကြတ်နေ့ X20 မဏ္ဍပ်အနီး ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ အာဏာပိုင်များက မသင်္ကာမှုနှင့် မသက်ဆိုင်သူများကို ဆက်လက်ဖမ်းဆီး စစ်ဆေးမှုများပြုလုပ်နေသည်။ (DVB 290410)
- မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ခြင်း ၂ နှစ်တင်းတင်း ပြည့်တော့မည်ဖြစ်သော်လည်း ကယ်ဆယ်ရေး လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ လှူဒါန်းသူနည်းပါးနေသည်။ (DVB 290410)
- ဒေါ်အောင်ဆန်းစုကြည် အကျုပ်ချုပ်ခံနေရသည့် ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းရှိ နေအိမ်ကို အာဏာ ပိုင်များက ပြင်ဆင်ခွင့်ပြုလိုက်ကြောင်း အကျိုးဆောင်ရှေ့နေ ဦးဉာဏ်ဝင်းကပြောသည်။ (DVB 290410)
- မြန်မာနိုင်ငံအပါအဝင် ၂၈ နိုင်ငံသည် ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုများရှိနေကြောင်း အမေရိ ကန်အခြေစိုက် ဘာသာရေးလွတ်လပ်ခွင့်ကော်မရှင် USCIRF က ယမန်နေ့က ထုတ်ပြန်ကြေညာ လိုက်သည်။ (RFA 290410)
- ရန်ကုန်တိုင်း တွံတေးမြို့နယ် အလယ်စုကျေးရွာတွင် နေထိုင်သည့် ဦးစောသိန်း ဒေါ်ပေစီလာတို့၏ သားဖြစ်သူ အသက် ၁၇ နှစ်အရွယ် မောင်မျိုးဇေလျှံအောင်သည် လွန်ခဲ့သည့် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့က ရန်ကုန်မြို့ လမင်းရေသန့်စက်ရုံ၌ အလုပ်လုပ်ကိုင်နေရင်း ကလေးစစ်သားအဖြစ် စုဆောင်း သိမ်းသွင်းသွားခြင်း ခံခဲ့ရသည်။ (RFA 290410)
- ဖမ်းဆီးထားသည့် နာဂစ်မုန်တိုင်းဘေး ဒုက္ခသည်များကို ကူညီသူများနှင့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေး ရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် နအဖစစ်အစိုးရကို ပိုမိုဖိအားပေးရန် အမေရိကန်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ကြီး HRW က တောင်းဆိုလိုက်သည်။ (RFA 290410)
- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO အနေဖြင့် လွန်ခဲ့သည့် ရက်ပိုင်းက ဗန်ကြီးဗိုလ်ချုပ်သိန်းဇော်နှင့် တွေ့ဆုံခြင်းသည် အပြန်အလှန် နားလည်မှုရယူခြင်းဖြစ်ကြောင်း KIO က ပြောသည်။ (RFA 290410)
- နိုင်ငံနဲ့ လူမျိုးအတွက် ထမ်းဆောင်ရမယ့် တာဝန်တွေကို ဝတ္တရားကျေပွန်အောင် မဆောင်ရွက်ခဲ့တဲ့ အတွက် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရခေါင်းဆောင်ဗိုလ်ချုပ် မှူးကြီးသန်းရွှေကို တရားစွဲဆိုလိုက်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေဦးကြည်ဝင်းက ပြောသည်။ (VOA 290410)
- SAARC လို့ခေါ်တဲ့ တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ကြီးရဲ့ ထိပ်သီးညီလာခံမှာ မြန်မာနိုင်ငံကို လေ့လာသူနိုင်ငံအဖြစ် တက်ရောက်ခွင့် ပြုလိုက်သည်။ (VOA 290410)
- စစ်အစိုးရ၏ နယ်ခြားစောင့်တပ်ကို လက်မခံနိုင်သည့် အချို့ဒီမိုကရက်တစ် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA)နှင့် စစ်အစိုးရအကြား တိုက်ပွဲ ဖြစ်လာမည်ကို စိုးရိမ်သည့်အတွက် ကရင်ရွာသား ၁ သောင်းခန့် ထိုင်းနယ်စပ်သို့ ထွက်ပြေးလာနိုင်သည်ဟု လူသားချင်းစာနာထောက်ထား သည့် အကူအညီပေးရေး အဖွဲ့များက ခန့်မှန်းပြောဆိုသည်။ (KIC 290410)
- ၂၀၁၀ ရွေးကောက်ပွဲအတွက်ပါတီ မှတ်ပုံတင်ခွင့်ရရန် လျှောက်ထားသည့် ပါတီများထဲမှ ရခိုင်ပြည် နယ်မှ နိုင်ငံရေးပါတီတခုဖြစ်သည့် မြို(ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့ (မ.ခ.မ.ည.ဖ)ကို ရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့် ပြုလိုက်ပြီဖြစ်သည်။ (Narinjara 290410)
- ရခိုင်ပြည်နယ် မောင်တောမြို့တွင်းတွင် နစကတပ်ဖွဲ့ တဖွဲ့မှ ညအချိန်မတော် သေနတ်ပစ်ခတ်မှု ကြောင့် မြို့တခုလုံး ရုတ်ရုတ်သဲသဲဖြစ်သွားကာ မြို့နေလူထုအတွင်း စိုးရိမ်မှုပိုခဲ့ရသည်ဟု မောင်တောမြို့ထဲမှ အမျိုးသမီးတဦးကပြောသည်။ (Narinjara 290410)
- တရုတ်နယ်စပ်အနီးရှိ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) ဌာနချုပ်ရှိရာ လိုင်ဇာမြို့တွင် ဧပြီလ ၂၀ ရက်နေ့မှ စ၍ကုန်ကား အဝင်အထွက် နည်းပါးနေပြီး လွယ်ဂျယ် - ဗန်မော်နှင့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးလမ်းကြောင်းမှာ ပုံမှန်ရှိကြောင်း လိုင်ဇာဒေသခံတစ်ဦးကပြောသည်။ (S.H.A.N 290410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဧပြီလ (၃၀) ရက်

- နအဖ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နာယကအဖြစ် တာဝန်ယူထားသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ယမန်နေ့တွင် တရားဝင် နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲလိုက်ပြီး ယင်းပါတီကို စစ်အစိုးရ ဝန်ကြီးချုပ် ဦးသိန်းစိန်က ဦးဆောင်သည်။ (NEJ 300410)
- စစ်ဘက်ရာထူးမှ အရပ်ဘက်ပြောင်းလိုက်သော ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အဖွဲ့က မန္တလေးတိုင်း သာစည်မြို့နယ် အတွင်း ရန်ကုန်စည်ပင်က တည်ဆောက်ထားသော တနေ့လျှင် တန် (၅၀၀) ကျ ဘိလပ်မြေစက်ရုံကို ဧပြီ (၂၉)ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း ရန်ကုန်စည်ပင်အရာထမ်းတဦးက ပြောသည်။ (NEJ 300410)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် အန်အယ်လ်ဒီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက စစ်အစိုးရအား တရားစွဲဆို လျှောက်ထားမှုများ ကို တရားရုံးချုပ်က အကြောင်းပြန်ကြားမည်ဟု ပြောဆိုလိုက်သည်။ (NEJ 300410)
- နအဖစစ်အစိုးရ၏ စစ်ဖက်ရေးရာ အထူးလုံခြုံရေးအဖွဲ့က ၎င်းတို့ထဲမှ အမျိုးသမီးများကို အင်တာနက် ဆိုင်များတွင် ဝန်ထမ်းပုံစံဖြင့် ခန့်ထားစေရန် ဖိအားပေးနေကြောင်း မရမ်းကုန်းမြို့နယ် အင်တာနက် ဆိုင်တဆိုင်က ပြောသည်။ (NEJ 300410)
- ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွင်းရှိ တရုတ်လူမျိုးများ ၂၀၁၀ ရွေးကောက်ပွဲတွင် မဲထည့်နိုင်ရေး အတွက် ညှင့်နိုင်ငံသားကတ်များ ထုတ်ပေးရန်ရှိနေပြီး ပြည်ထဲရေး ဒု-ဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေကိုယ်တိုင် လာရောက် ကြပ်မတ် ဆောင်ရွက်ခဲ့သည်ဟု မိုးကောင်းမြို့ခံ တရုတ်အမျိုးသားတဦးက ပြောသည်။ (NEJ 300410)
- မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုတွင် အလုပ်သမားများနှင့် နိုင်ငံရေးအဖွဲ့အစည်းများ ညီညွတ်စွာဆက်စပ် ပူးပေါင်း၍ တိုက်ပွဲဝင်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ထိုင်း-မြန်မာနယ်စပ် မဲဆောက်တွင် နိုင်ငံတကာ အလုပ်သမားနေ့နှင့်အတူ နိုင်ငံရေး ဆွေးနွေးညှိနှိုင်းပွဲတရပ်ကို မြန်မာနိုင်ငံအလုပ်သမား သွေးစည်းညီ ညွတ်ရေးအဖွဲ့ (ဘီအယ်လ်အက်စ်အိုဗ်)က မနက် ဖြန်တွင် ကျင်းပမည်ဖြစ်သည်။ (NEJ 300410)
- ဝန်ကြီးချုပ် ဦးသိန်းစိန်ခေါင်းဆောင်သည့်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ရွေးကောက်ပွဲ ကော်မရှင်တွင် မှတ်ပုံတင်လိုက်ပြီဖြစ်ကြောင်း စစ်အစိုးရပိုင် မီဒီယာများတွင် ဖော်ပြထားသည်။ (Irrawaddy 300410)
- အပစ်ရပ်အဖွဲ့များနှင့် နအဖတို့ တိုက်ပွဲဖြစ်ပါက ကြိုတင်ကာကွယ်သည့်အနေဖြင့် တရုတ် စစ်တပ်သည် ဝပြည်နယ် မြို့တော်ပန်ဆန်းနှင့် ကပ်လျက်ရှိသည့် နယ်စပ် တလျောက်တွင် တပ်စွဲထားပြီး လေယာဉ် ပစ် အမြောက်များလည်း ပါဝင်သည်ဟု ဝပြည် သွေးစည်းညီညွတ်ရေးအဖွဲ့ (UWSA) အရာရှိတဦးက ပြောသည်။ (Irrawaddy 300410)
- အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၏ နိုင်ငံရေး အမြင်များ အမျိုးမျိုးဖြစ်နေပြီး ပါတီဖျက်သိမ်း ခံရပြီးနောက် NLD ၏ အနာဂတ်အတွက် မူဝါဒမှာ ရှင်းလင်းခြင်း မရှိသေးကြောင်း NLD ခေါင်း ဆောင်တဦးဖြစ်သူ ဦးဝင်းတင်ကပြောသည်။ (Irrawaddy 300410)
- ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) နယ်မြေအတွင်း၌ လက်ရှိအချိန်တွင် မြန်မာ စစ်တပ်မှ တိုက်ခိုက်ရေး တပ်ရင်းတစ်ရာကျော်ခန့် နေရာယူလှုပ်ရှားနေကြောင်း မကြာသေးမီက ရရှိသည့် စစ်ရေးအစီရင်ခံစာ တစ်စောင်အရ သိရသည်။ (S.H.A.N 300410)
- ရန်ကုန်တိုင်း တွံတေးမြို့နယ် ဇီးဖြူကုန်း ကျေးရွာမှ လယ်သမား ၂၃ ဦးကို တွံတေးမြို့နယ် မယကက တရားစွဲဆို ထားသည့်အပြင် လယ်များလည်း လုပ်ခွင့်မပေးသဖြင့် စားဝတ်နေရေး အခက်ကြုံနေရသည့်ကြားမှ ရုံးချိန်းအကြိမ် ကြိမ် ချိန်းဆိုနေသောကြောင်း လယ်သမားများ ပို၍ အခက်အခဲတွေ့နေရသည်။ (DVB 300410)
- နိုင်ငံရေးအကျဉ်းသား ဒေါ်စမ်းစမ်းတင်နှင့် ကိုမြအေးတို့သည် ကျန်းမာရေး အခြေအနေဆိုးရွားသော် လည်း လိုလောက်သည့် ဆေးဝါးကုသမှုကို ယခုထက်တိုင် မရသေးကြောင်း မိသားစုဝင်များက ပြောသည်။ (DVB 300410)
- လွန်ခဲ့သည့်ရက်ပိုင်းအတွင်း မြန်မာနိုင်ငံဒေသတချို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်း တိုက်ခတ်မှုကြောင့် ပျက်ဆီး၊ သေဆုံး၊ ဒဏ်ရာရရှိမှုရှိခဲ့သည်။ (DVB 300410)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မလေးရှားနိုင်ငံတွင် လူကုန်ကူးခံရပြီး တောင်းရမ်းခိုင်းခံရသည့် ဆယ်ကျော်သက် မြန်မာကလေး ၆ ဦးသည် မြန်မာစစ်အစိုးရက လျစ်လျူရှုထားသဖြင့် ထိန်းသိမ်းရေးစခန်းတွင် ၉ လကျော်ကြာ သောင် တင်နေပြီဖြစ်သည်။ (DVB 300410)
- မနက်ဖြန် မေလ ၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အလုပ်သမားနေ့ (May Day)အတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က အလုပ်သမားနေ့ ပေါ်ပေါက်လာပုံနှင့် အလုပ်သမားအခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်းတစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 300410)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်များ စီမံခန့်ခွဲရေး ကိစ္စနှင့်ပတ်သက်၍ ဧပြီလ ၃၀ ရက် နေ့စွဲနှင့် အဖွဲ့ချုပ် ဥက္ကဌ ဦးအောင်ရွှေက လက်မှတ်ရေးထိုးပြီး ပြည်နယ်တိုင်းအသီးသီးနှင့် မြို့နယ်အသီးသီးက အဖွဲ့ချုပ် ဥက္ကဌများဆီသို့ ရည်ညွှန်းကာ အဖွဲ့ချုပ်ဗဟိုက ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 300410)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်. ရှေ့နေများက ဧပြီလ ၂၉ ရက်နေ့တွင် တင်းသွင်းခဲ့သည့် ဒေါ်အောင် ဆန်းစုကြည်၏ သီးခြားသက်သာခွင့် ဥပဒေအရ တရားစွဲဆိုချက်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ နစ်နာချက်အတွက် တရားစွဲဆိုချက်စသည့် တင်သွင်းလွှာများကို ဗဟိုတရားရုံးက လက်ခံလိုက်ကြောင်း ရှေ့နေကြီး ဦးကြည်ဝင်းကပြောသည်။ (RFA 300410)
- နိုင်ငံ ၈ နိုင်ငံမှ အနောက်နိုင်ငံ သံအမတ်များသည် ယမန်နေ့က ဘင်္ဂလာဒေ့ရှ်. နိုင်ငံကော့ဘဇားခရိုင် တွင် တည်ရှိသော မြန်မာနိုင်ငံမှ မူဆလင်ဒုက္ခသည်များ နေထိုင်ရာ စခန်း ၂ ခုသို့ သွားရောက် လည်ပတ်ခဲ့သည်။ (Narinjara 300410)
- ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ရေရှားပါးမှုဖြစ်သောကြောင့် တောလက်ကျေးရွာနေ ဒေသခံ များအနေဖြင့် အထူးအခက်အခဲ ကြုံတွေ့နေရသည်ဟု ဒေသခံတဦးကပြောသည်။ (Narinjara 300410)

---

*End of report: Suesday, May 4, 2010*

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနမှ ထုတ်ဝေဖြန့်ချီသည်။**

*Documentation and Research Department- NDD*

---